# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၉)ရက် ၊ သောကြာနေ့ ၊ (10-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro – based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့**

စာမျက်နှာ – ၁၈

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း၊ အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်**

စာမျက်နှာ – ၁၉

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ


နေပြည်တော် ဧပြီ ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၁ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက

စာမျက်နှာ ၁၆ ကော်လံ ၁




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။




ရတနာပုံ
၂၀၁၆ ခုနှစ် မေ ၁၀ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲစို့

ချွေတာသုံးစွဲသင့်သောအရာများထဲတွင် လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲခသည် အခြားနိုင်ငံများနှင့် ယှဉ်လျှင် များစွာသက်သာမှုရှိသည်။ ပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာသော လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနေရသဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲရန်လိုပေသည်။

လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်းဖြင့် မိမိတို့မိသားစုအတွက် မီတာခကျသင့်ငွေ လျော့နည်းစေမည်ဖြစ်ပြီး အသုံးစရိတ်ကိုလည်း ချွေတာရာရောက်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားချွေတာရေးနည်းလမ်းများအနက် လက်ငင်းအကျိုးကျေးဇူးများပြီး ထိရောက်မှုအရှိဆုံးနည်းလမ်းမှာ ဓာတ်အားသုံးစွဲမှုများသော မီးသီး၊ မီးချောင်းများကို ဓာတ်အားသုံးစွဲမှုနည်းသော LED မီးသီး၊ မီးချောင်းများဖြင့် အစားထိုးအသုံးပြုခြင်းဖြစ်သည်။ LED မီးသီး၊ မီးချောင်းများသည် စွမ်းအင်သုံးစွဲမှုသက်သာခြင်း၊ သက်တမ်းရှည်ကြာခြင်း၊ အဖွင့်အပိတ်အကြိမ်ရေများမှုအပေါ် ခံနိုင်ရည်ရှိခြင်း၊ ဗို့အားနိမ့်တွင် သုံးစွဲနိုင်ခြင်း၊ အလင်းအားကို လိုသလိုလျှော့ချအသုံးပြုနိုင်ခြင်း၊ အပူနှင့် ခရမ်းလွန်ရောင်ခြည်ထုတ်လွှတ်မှု မရှိခြင်း၊ အလင်းရောင်အေးမြခြင်း အစရှိသော အားသာချက်များရရှိမည်ဖြစ်သည်။

လက်ရှိအသုံးပြုနေသော လေးပေမီးချောင်းတစ်ချောင်း၏ ဓာတ်အားသုံးစွဲမှုသည် ဝပ် ၄၀ ဖြစ်သော်လည်း လင်းအားတူ LED မီးချောင်း၏ ဓာတ်အားသုံးစွဲမှုသည် ၁၆ ဝပ် သာရှိသည်။ ထို့ကြောင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနေသော အိမ်ထောင်စုများသည် LED မီးသီး၊ မီးချောင်းများ အစားထိုးအသုံးပြုမည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျော့ကျသွားမည်ဖြစ်သည်။

အိမ်ထောင်စုတိုင်းက လျှပ်စစ်ဓာတ်အားချွေတာမည်ဆိုပါက နိုင်ငံတော်အတွင်း လည်ပတ်နေသည့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများ ပေါ်များလာမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း များပြားလာမည်ဖြစ်ပေသည်။

အလားတူ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးတွင်လည်း လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် အခြေခံအကျဆုံးဟုဆိုနိုင်သည်။ နိုင်ငံတော်အနေဖြင့် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုလိုအပ်ချက်ပြည့်မီစေရန် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများဖြင့်လည်း တိုးတက်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်ကောင်းမွန်စေရေးနှင့် ဓာတ်အားပမာဏအမြောက်အမြား ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းကြီးများကိုလည်း နိုင်ငံတစ်ဝန်း ကွန်ရက်ကြီးများသဖွယ် သွယ်တန်းတည်ဆောက်လျက်ရှိပေသည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား များပြားစွာ ရရှိသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများကလည်း လျှပ်စစ်ဓာတ်အားကို အတတ်နိုင်ဆုံးချွေတာသုံးစွဲကြမည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ခြင်း၊ လျှပ်စစ်မီးမရသေးသောနေရာဒေသများသို့ ဖြည့်ဆည်းပေးနိုင်ခြင်း စသောအကျိုးကျေးဇူးများဖြစ်ပေါ်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**မော်လိုက် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၉၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၇၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မြေပဲ ၃၉၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ညိုမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပြီး မတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသထွက်ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ ရေလုပ်သားတွေ၊ ကုန်သည်တွေနဲ့ ငါးခြောက်ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့ခြောက် တစ်ပိဿာလျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၅၅၀၀၀ မှ ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ကျောက်ပန်းတောင်း မေ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်း တောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို မေ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က အင်ချောင်းကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က တက်ရောက်လာကြသော အင်ချောင်းကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်တုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

ညောင်တုန်း ဧပြီ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိန်ပင်ကျေးရွာနှင့် ဝဲဒေါင့်အတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လိန်ပင်ကျေးရွာနှင့် ဝဲဒေါင့်အတွင်း ကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးစီးသည့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေး မှာကြားသည်။

လိန်ပင်ကျေးရွာ၌ အရှည်ပေ ၁၉၀၀ ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် လေးသန်း စုစုပေါင်း ငွေကျပ် ၂၇ သန်းဖြင့် လည်းကောင်း၊ ဝဲဒေါင့်အတွင်းကျေးရွာ၌ အရှည်ပေ ၆၅၀ ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ကိုးသန်းဖြင့် လည်းကောင်း ဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

# မင်းလှမြို့နယ် ရှမ်းစီဂွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစီဂွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရှမ်းစီဂွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၅၆ ဒသမ ၆၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၉ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို ငွေကျပ် ၅၇ ဒသမ ၈၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲဧက ၈၆၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲဧက ၈၆၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၆၅၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၈၆၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ၁၆၅၁၁ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၈၆၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမကပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ **(၂၀၆)**

# ကံမမြို့နယ် ဇီးတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ကံမ ဧပြီ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီးတောကျေးရွာ၌ VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နော်လူး**

# ကျုံပျော်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် ဧပြီ ၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဧပြီလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေခြင်းသည် ဒေသထွက် ဖူးစားပြောင်းကို ရန်ကုန်ဈေးကွက်အပါအဝင် အခြားဒေသဈေးကွက်များက ဝယ်ယူအား ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''ဒေသထွက် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဧပြီလ ပထမပတ်လောက်ကနေပြီး သိသိသာသာ အရောင်းအဝယ် ကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဈေးကွက်တွေကပါ အဝယ်လိုက်နေပါတယ်''ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ဝယ်ယူသည့်ဒေသများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ကြောင်း၊ ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နှစ်ဟောင်းကိုဖြို နှစ်သစ်ကိုကြို ဘဝနေညိုချိန်

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ကူးပြောင်းခဲ့လေပြီ။ ယခင်နှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကတော့ ပြင်းထန်လွန်းလှသည့် လျှပ်ဒဏ်ကြောင့် ဝမ်းနည်းပူဆွေး သောကဘေးကြုံနေကြရသဖြင့် ယခင့်ယခင်နှစ်များကကဲ့သို့ မကြည်နူးမရွှင်မြူးနိုင်ကြဘဲ တရားစခန်းဝင်ခဲ့ကြသည်ကများလှသည်။ သံဝေဂလည်း ရခဲ့ကြသည်။

သင်္ကြန်အခါတွင်း ကာလတိုင်းတွင် မပျော်မြူးနိုင်ကြသူများကတော့ ဇရာနှင့်ဗျာဓိ၊ ဗျာဓိနှင့်မရဏ အားပြိုင်နေကြသော ဇရာအိုကြီးများဖြစ်ကြသည်။ ဇရာအိုအရွယ်သို့ရောက်သည့်တိုင်အောင် စားဝတ်နေရေးအတွက် အခက်အခဲပေါင်းများစွာဖြင့် ရုန်းကန်လှုပ်ရှားနေကြရသူများ ဒုနှင့်ဒေးရှိနေကြရာ အဘယ်မှာလျှင် ပျော်မြူးနိုင်ကြပါမည်နည်း။

မင်္ဂလာအခါတွင်းကာလတွင် တရားဓမ္မ ခေတ္တခဏ ကျင့်ကြံကြရန်ကိုပင် စိတ်ဘဝင်မအေးကြရသည့် မိသားစုအရေးကြောင့် စိတ်မဖြောင့်နိုင်ကြဘဲ မှိုင်ငေးနေကြရသူ များစွာရှိနေကြသည်။ စားဝတ်နေရေး အဆင်ပြေနေကြသော ဇရာအိုတချို့ကလည်း ကိုယ်ရေးကိုယ်တာ ပြဿနာမျိုးစုံကိုအကြောင်းပြကာ တရားစခန်းများသို့ ဝင်ရန်နေနေသာသာ ဥပုသ်သီလပင် မစောင့်နိုင်ကြပေ။

"ဟို...အဘိုးကြီး... ဟို... အဘွားကြီး
ပျက်တီးပျက်ချော်
အသက်ကြီးမှ မြေးတွေနဲ့ပျော်။
ပျော်ရင်း ပျော်ရင်း သေမင်းကခေါ်
သူတို့အတွက် ဘဝနာသနော်။
တရားအလုပ် အားထုတ်နိုင်မှတော်"

ထိုဓမ္မလင်္ကာလေးက ဇရာအိုများကို ကလိတိတိ ရိတိတိဖြင့် သတိပေးထားခြင်းဖြစ်သည်။ မှန်လည်း မှန်ကန်နေသည်။ သံယောဇဉ်နှောင်ကြိုးများက တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်နှောင်တွယ်၊ ဝဋ်ဆင်းရဲ သံသရာလည်နေကြသည်ကို မသိကြလေတော့ တစ်နှစ်ပြီးတစ်နှစ် အသက်များကြီးလာ၊ ဇရာအို အရွယ်သို့ ရောက်လာကြသည်ကိုလည်း သတိမေ့လျော့နေကြလေသည်။ အချို့ကတော့၊ သိလည်းသိ သတိလည်းရကြသော်လည်း လောကဓံကိုကြိတ်မှိတ်ခံနေကြရင်း၊ စားဝတ်နေရေးကိုသာ အလေးပေးနေကြရရှာသည်။

ဇာတိနှင့်ဇရာက အလှမ်းဝေး၏။ မွေးဖွားပြီး အသက် ၆၀ အရွယ်ရောက်မှ ဇရာဘဝသို့ရောက်၏။ ဇရာဘဝ စသည်နှင့် ဗျာဓိကကပ်ပါလာ၏။ စိတ်သွားတိုင်းကိုယ်မပါနိုင်ကြသော ဇရာအိုများကို နာခြင်းဟူသောဗျာဓိက အမိအရ နှိပ်စက်ပါတော့သည်။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ လေးဖက်နာ၊ လေဖြတ် စသည့်ရောဂါမျိုးစုံက အခွင့်အရေးရလျှင် ရသလို ဝင်လာကြလေ့ရှိသည်။ သည်ကြားထဲ ချော်လဲကျပြီး ခြေကျိုးလက်ကျိုး၊ တင်ပါးရိုးကျိုး ဒုက္ခဆင်းရဲခြင်းမျိုးစုံကိုလည်း ကြုံကြရသေးသည်။ သဘာဝဘေးအန္တရာယ်များဖြစ်ကြသော ရေဘေး၊ လေဘေး၊ မီးဘေးနှင့် ငလျင်ဘေးဒဏ်များလည်း ခံကြရသေးသည်။

မည်သူမျှတားဆီးမရသော မရဏက ဗျာဓိ နှိပ်စက်မှုကို အလူးအလဲခံနေကြရသော ဇရာအိုများကို တံခါးဖွင့်စောင့်ကြိုနေ၏။ လက်ကမ်းကြိုဆိုနေ၏။ ဇရာကိုအန်တုပြီး မည်မျှပင်အကုန်အကျခံကြကာ ဆေးဝါးကုသနေကြသော်လည်း မည်သို့ပင် ပုန်းရှောင်နေကြသော်လည်း သေမင်းလက်က ဘယ်တော့မှပြေးမလွတ်နိုင်ကြပေ။ အနေးနှင့်အမြန် သေဆုံးကြရပေလိမ့်မည်။လူမျိုးဘာသာ၊ အသားအရောင် မရွေး ကလေးသူငယ်၊ လူငယ်လူကြီး၊ အမျိုးသမီး၊ အမျိုးသား၊ လူတန်းစားမရွေး၊ ချမ်းသာဆင်းရဲအဆင့်အတန်းမခွဲခြားဘဲ သေမင်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါကြရပေလိမ့်မည်။ သေမင်းကို ရှောင်ကွင်း၍မရ။ လာဘ်ထိုး၍မရ။ သတ္တဝါမှန်သမျှ မုချမသွေ သေကြရပေလိမ့်မည်။

"သေမင်းလာရောက်၊ တံခါးခေါက်၊ သင်
မကြောက်ဘူးလား"
"ငါသည် မုချမသွေသေရမည်။ အချိန်ပိုင်းသာ
လိုတော့သည်"
"ရခဲလှတဲ့ဘဝလေးမှာ၊ အချိန်ကိုအလကား
မဖြုန်းလိုက်ပါနဲ့"
"အိုရာက၊ နာရာမရောက်ခင်၊ ဝိပဿနာလုပ်ပါ"
"အရှိနဲ့အသိကိုက်အောင်လုပ်တာ ဝိပဿနာ"
"ဝိပဿနာဆိုတာ၊ ခန္ဓာမလိုချင်အောင်ရှုတာ။
ခန္ဓာနဲ့ငါနဲ့မရောပါနဲ့"
"ကိုယ့်ကိုယ်ကိုယ်သနားရင်၊ ဝိပဿနာလုပ်ကြ၊
ကိုယ့်ကိုယ်ကိုယ် မသနားရင်၊ သားရေး၊
သမီးရေး စီးပွားရေးလုပ်ကြ"
"မီးစွဲလောင်မှရေကိုတသော်၊ မရဖြစ်အင်၊
ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊
မသေခင်က၊ ပြင်ဆင်၊ တောက်လျှောက်၊
မေ့မပျောက်နှင့်၊ ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊
အပြီးမုချ၊ မင်္ဂကိုရလိမ့်"

သင်္ကြန်တွင်းတရားစခန်းများတွင် တရားထိုင်ဖူးကြသူတိုင်း ထိုသို့သောတရားဒေသနာတော်များကို နားယဉ်နေကြလေပြီ။ သို့သော် တားဆီး၍မရသော သေခြင်းတရားကို မေ့ပျောက်ထားနေကြသည်။ ကိုယ့်ဘဝလက်ကျန်အချိန်ကို တွက်စစ်ကြည့်ကြသူ အလွန်နည်းပါးနေကြသည်။

ဘဝလက်ကျန်အချိန်ဇယား

| သင့်အသက် | သင်သုံးခဲ့ပြီးသော အချိန် | ၇၅ နှစ်မတိုင်မီ သင့်ဘဝ၏ လက်ကျန်အချိန် |
|---|---|---|
| ၄၀ နှစ် | ၁၄၆၀၀ ရက် | ၁၂၇၅ ရက် |
| ၄၅ နှစ် | ၁၆၄၂၅ ရက် | ၁၀၉၅၀ ရက် |
| ၅၀ နှစ် | ၁၈၂၅၀ ရက် | ၉၁၂၅ ရက် |
| ၅၅ နှစ် | ၂၀၀၇၅ ရက် | ၇၃၀၀ ရက် |
| ၆၀ နှစ် | ၂၁၉၀၀ ရက် | ၅၄၇၅ ရက် |
| ၆၅ နှစ် | ၂၃၇၂၅ ရက် | ၃၆၅၀ ရက် |
| ၇၀ နှစ် | ၂၅၅၅၀ ရက် | ၁၈၂၅ ရက် |
| ၇၅ နှစ် | ၂၇၃၇၅ ရက် | တရားမမေ့ပါနဲ့ |

ဘဝလက်ကျန်အချိန်ကိုကြည့်ကြပါက တဖြည်းဖြည်း နည်းပါးလာသည်ကို တွေ့ကြရပေလိမ့်မည်။ ကိုယ့်ဘဝလက်ကျန်ချိန်ကို တန်ဖိုးရှိစွာအသုံးချကြရန် လိုအပ်နေပါသည်။ ငွေကုန်သည်ကို ပြန်ရှာ၍ရသော်လည်း အချိန်ကုန်သည်ကို ပြန်ရှာ၍မရ အစားထိုး၍မရသည်ကို အလေးအနက် စဉ်းစားကြသင့်သည်။

"တစ်နေကွယ် သေနယ်သို့ တစ်ခါကူး
မေ့လျော့ကာ မသေဘူးရယ်လို့
မထင်လိုက်ပါနဲ့
နေကွယ်တာ အကြိမ်များရင်
သေနယ်ကို တစ်ခါသွားရမယ်
တားမရဘူး"

နှစ်သစ်ကူးကာလတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက "အချိန်သည် အချိန်ကိုစားသောကြောင့် အချိန်တွေကုန်၏။ အချိန်က လူကိုစားသောကြောင့် လူတွေလည်းကုန်နေ၏။ အချိန်ကိုနိုင်အောင်မစားနိုင်လျှင် ဘဝမှာ အရှုံးထွက်မည်။ ဘဝအတွက်အမြတ်ထွက်အောင် အချိန်ကိုနိုင်အောင် စားရမည်"ဟု ဟောပြောသတိပေးခဲ့သည်။

ဆရာတော်အရှင်ဇနကာဘိဝံသကလည်း "ငါနှင့်ရွယ်သူ၊ ငါ့အောက်လူ၊ ကြီးသူ သေကြများလှပြီ၊ ခဏမစဲ၊ အိုစမြဲ၊ ငါလည်းသေဘက်နီးခဲ့ပြီ၊ မသေသေးမီ၊ ပါရမီ၊ ငါသည် ဖြည့်မှသင့်တော့မည်၊ ဇရာမီးတောင်၊ ကိုယ်ထဲလောင်၊ သေအောင်မြိုက်တော့သည်၊ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ၊ ဒါနသီလ၊ ဘာဝနာ၊ လမ်းသာထွင်လိမ့်မည်၊ မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ ခရီးထွက်တော့မည်"ဟု သံဝေဂဓမ္မလင်္ကာများဖြင့် ဟောကြားညွှန်ပြခဲ့သည်။

❖ **သံယောဇဉ်နှောင်ကြိုးများက တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်နှောင်တွယ်၊ ဝဋ်ဆင်းရဲသံသရာလည်နေကြသည်ကို မသိကြလေတော့ တစ်နှစ်ပြီးတစ်နှစ် အသက်များကြီးလာ၊ ဇရာအိုအရွယ်သို့ရောက်လာကြသည်ကိုလည်း သတိမေ့လျော့နေကြလေသည်။ အချို့ကတော့၊ သိလည်းသိ သတိလည်းရကြသော်လည်း လောကဓံကိုကြိတ်မှိတ်ခံနေကြရင်း၊ စားဝတ်နေရေးကိုသာ အလေးပေးနေကြရရှာသည်။ ဇာတိနှင့်ဇရာက အလှမ်းဝေး၏။ မွေးဖွားပြီး အသက် ၆၀ အရွယ်ရောက်မှ ဇရာဘဝသို့ရောက်၏။ ဇရာဘဝစသည်နှင့် ဗျာဓိကကပ်ပါလာ၏။ စိတ်သွားတိုင်းကိုယ်မပါနိုင်ကြသော ဇရာအိုများကို နာခြင်းဟူသော ဗျာဓိက အမိအရနှိပ်စက်ပါတော့သည်။** ❖

ဆရာတော်ကြီးတစ်ပါးကလည်း အသေမြတ်အောင် ဒါန၊ သီလ၊ ဘာဝနာ လမ်းသာထွင်ပြီး၊ မသေခင်ကြိုတင် ပြင်ဆင်ကြရာတွင် ဆေးနှင့်တရားကို နှိုင်းယှဉ်ပြသထား၏။ "ဆေးဆိုတာ အဝင်ဆိုးဆိုး မဆိုးဆိုး၊ ကိုယ့်ရောဂါပျောက်ဖို့ သောက်ရသလိုပဲ တရားဆိုတာ ထိုင်ချင်ချင်၊ မထိုင်ချင်ချင်၊ စိတ်ရောဂါတွေပျောက်ဖို့ ထိုင်ရတယ်"ဟု လှုံ့ဆော်ဟောပြောခဲ့သည်။

တရားစခန်းဝင်ကြသူများကို တရားပြ ဓမ္မကထိက ဆရာတော်က "ဝိပဿနာဆိုတာ ခန္ဓာကိုယ် မလိုချင်အောင် ရှုတာ၊ ခန္ဓာနဲ့ ငါနဲ့မရောပါနဲ့။ ပဋိစ္စသမုပ္ပါဒ် နိဗ္ဗာန်ရောက်ကြောင်း အနှစ်ချုပ်ကို ရှင်းပြပါမယ်။ တဏှာပယ်မှ နိဗ္ဗာန်ရတာ။ နိဗ္ဗာန်ရဖို့က မဂ်ဉာဏ်ဆိုတဲ့ အသိသဘောလိုတယ်။ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာကို အရင်ရှုကြရမယ်။ ဝိပဿနာဉာဏ်ရရင် ဒိဋ္ဌိကိုဖြုတ်နိုင်တယ်။ ဒိဋ္ဌိဖြုတ်နိုင်ရင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိလာလိမ့်မယ်။ အဲဒီလို သိဖို့က ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးပါ တရားဓမ္မပိုင်းခြားပြထားတာတွေကို သိရမယ်။ လေ့လာမှတ်သားရမယ်။ ဆိုလိုတာက သိရင်လုပ်မယ်။ လုပ်ရင်လွယ်မယ်။ လွယ်ရင်ရမယ်။ ရှိရင်ဒုက္ခ၊ မရှိရင်ချမ်းသာ။ ခန္ဓာရှိရင်သေမယ်။ မသေအောင်လုပ်ရမယ်။ အသေရှာမလား။ အသေရှောင်မလား၊ ခန္ဓာရှိရင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဖြစ်နေမှာပဲ။ မူလနှစ်ဖြာဆိုတဲ့ အဝိဇ္ဇာ- မသိတရားနဲ့ တဏှာ - လိုချင်တပ်မက်မှုရှိနေရင် ခန္ဓာရနေမှာပဲ။ ကရွတ်ကင်းလျှောက်၊ လမ်းပျောက်နေကြမှာပဲ။ ဒီတော့ အခြေခံကစကြရအောင်"ဟု ရှင်းလင်းဟောကြားကာ တရားထိုင်စေခဲ့သည်။

"တင်ပျဉ်ခွေကာ၊ ထိုင်နေပါ၊
ခါးကိုဖြောင့်ဖြောင့်ထား"
"ဘယ်လက်ပေါ်တွင်၊ ညာလက်တင်၊
ခေါင်းတွင်မတ်မတ်ထား"

"မျက်စိကိုမှိတ်၊ ပါးစပ်ပိတ်၊ ရှုစိတ်အမြဲပွား" ဟု သံပြိုင်ရွတ်ဆိုကြစေပြီး၊ တရားစဉ်လုပ်ငန်းစဉ် နည်းဗျူဟာသုံးရပ်ဖြင့်၊ တရားရှုမှတ်ကြစေရန် တည့်မတ်လမ်းညွှန်ပေးခဲ့သည်။

အသုဘကိုပင်၊ ဤသို့လျှင်၊ နေ့စဉ်ပွားများပါဟု စတင်ကာ "ဒွါရကိုးတန်၊ ပုပ်ရေလျှံ၊ ညှီနံစက်ဆုပ်ဖွယ်။ မျက်ဝတ်အသု၊ ယိုကျမှု၊ စက္ခုမတင့်တယ်။ နားဖာချေးပွ၊ ပြည်ယိုကျ၊ သောတမတင့်တယ်။ ခဏခဏနှပ်တွေကျ၊ ဃာန မတင့်တယ်။ အာခံတွင်းက ပုပ်နံလှ၊ မုခမတင့်တယ်။ ကျင်ငယ်ပေါက်မှ ကျင်ငယ်ကျ၊ ကာယမတင့်တယ်။ ကျင်ကြီးပေါက်မှ ကျင်ကြီးက၊ ကာယမတင့်တယ်။ မွေးညှင်းပေါက်မှ ချွေးတွေကျ၊ ကာယမတင့်တယ်။ ခန္ဓာကိုယ်ကောင်၊ အပုပ်လှောင်၊ နံဟောင်စက်ဆုပ်ဖွယ်၊ မသေလည်းပုပ်၊ သေလည်းပုပ်၊ စက်ဆုပ်ရွံရှာဖွယ်"ဟူ၍ အပုပ်ကောင် ရုပ်ဆောင်နေသောခန္ဓာကို မလိုချင်ကြအောင် သရုပ်ခွဲပြကြပါသေးသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပဲ အလှပြင် တန်ဆာဆင်နေကြစေကာမူ ဇာတိရုပ်ပေါ်လာကြစမြဲပါ။ အဲဒီသဘောကိုမြင်အောင်ကြည့်ကြ ရှုကြပါဟုလည်း သာဓကပြတရားချကြသည်။

"အသက်တွေကြီးလာပြီ။ လောဘ၊ ဒေါသ၊ မောဟတွေ ကြီးနေကြတုန်းပဲ။ သွားတွေကျိုးနေပြီ။ မာန်စွယ်တွေ မကျိုးသေးဘူးလား။ အရေတွေတွန့်နေပြီ။ မကောင်းမှုအကုသိုလ်လုပ်ရပ်တွေ မတွန့်ကြသေးဘူး။ ဆံပင်တွေဖြူနေပြီ။ စိတ်ထားတွေ မဖြူကြသေးဘူးလား။ မျက်စိတွေမှုန်ဝါးနေပြီ။ နိဗ္ဗာန်သွားမဲ့လမ်း၊ မှုန်ဝါးနေကြတုန်းပဲလား"ဟု ဇရာအိုများကိုလည်း တရားအသိ၊ သတိပေးကြလေ့ရှိသည်။

တစ်ချိန်က ဆယ်တန်းတွင် ပြဋ္ဌာန်းသင်ကြားစေခဲ့သော ဦးပုည၏ဝတ္ထုလေးပုဒ်ထဲမှ ယုန်မင်း၏ဝတ္ထုတွင် ပါဝင်သော "ယခုအခါ လူဖြစ်လည်းလာ၊ သာသနာလည်းထွန်းခိုက်၊ အမြိုက်တရားဟောကြားမည့်သူ၊ လူလည်းမရှား၊ သို့ဖြစ်ပါလျက်သားနှင့်၊ တရားမကြိုက်၊ အမှားလိုက်ကြလျှင်ဖြင့်၊ အမိုက်တကာ့ဗိုလ်မင်း၊ အဖျင်းတကာ့ ဗိုလ်ချုပ်၊ အပါယ်လေးလီ၊ မြစ်နဒီတွင်၊ ပလုံစီမြုပ်လို့၊ သူယုတ်ကြီးတွေဖြစ်ချိမ့်မည်"ဟူ၍လည်း ပြောမှသိ ထိမှနာအောင် သတိပေးလှုံ့ဆော်နေကြသည်။

သွားချင်ပါလျက်နှင့် ဝေးဝေးနေတာက နိဗ္ဗာန်၊ မသွားချင်ဘဲနှင့် နီးနီးလာတာက သုသာန်ဆိုသည်ကို ဇရာအိုများ၊ တွေးမှတွေးမိကြပါလေစ။ အို၊ နာ၊ သေကွဲ တွေ့ကြုံမြဲ မလွဲငါ့ကံ၊ ငါစီမံ။ စိတ်ကြံ့ခိုင်ရေး၊ အစဉ်တွေး၊ မနေးဆင်ခြင်ရန်ဆိုသော မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းနေကြသင့်သည်။

သာမဏေကျော်ဆရာတော်ကလည်း "သေခါနီးလေး၊ ကြိုတင်တွေးကြည့်၊ စိတ်အေးချမ်းသာ၊ သေနိုင်မှာလား စွဲလမ်း၍သာ သင်သေမှာလား၊ ယောင်ယမ်းလူးလွန့် သက်စွန့်မှာလား၊ ဟစ်အော်ညည်းကာ၊ သေသွားမှာလား သက်ရှိနေစဉ် ကုသိုလ်ခင်မှ သေစဉ်လှလှ၊ သင်သေရလိမ့်"ဟု သတိပေးထားရာ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အပြုံးနှင့်သေမလား၊ မဲ့ပြီးသေမလား တရားတော်နှင့် ကိုက်ညီလှသည်။

သို့ဖြစ်ရာ ဘဝနေညိုချိန်သို့ရောက်နေကြသော ဇရာအိုများအနေဖြင့် နှစ်ဟောင်းကိုဖြိုပြီး နှစ်သစ်ကို ကြိုဆိုနေကြချိန်တွင် မိမိတို့၏ ဇရာအိုဘဝကို ကုသိုလ်မှုအစုစုပြုကျင့်ကြရင်း သေမင်းကို အပြုံးနှင့် ရင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေးဝ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၃၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၆၇၅၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး စိုက်ပျိုးနည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားကဏန်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားကဏန်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကျားကဏန်းပိဿာချိန် ၆၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲ ရှိပါတယ်။ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်လို့သိရတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေး တစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၃၃၅၀၀ ထိ လတ်ဆတ်မှုနှင့် အရွယ်အစား၊ အလေးချိန်အပေါ် မူတည်ကာ ဈေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## သားကြီးအိမ်ပြန်

\- သတင်းမကြား စာမပါးဘဲ
သားကြီးပြန်လာ သောအခါဝယ်
လာမှလာသေး လူကလေးဟု
မွေးမိကျွန့်ကို ဆီး၍ဆို၏
သို့ဆိုဘိပြား ချိုမျက်ထားနှင့်
စားချင့်စဖွယ် အသွယ်သွယ်ကို
ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကာလျှင်
ရသာစုံထွေ ရှေးပဝေနှယ်
မွေးမေကျွေးရှာ ဘိတကား။

\- သို့ကျွေးရုံမျှ ဘယ်မကချေ
ငယ်ကလိုပင် အိပ်ရာဝင်လည်း
မှက်ခြင်ကင်းအောင် ခြင်ထောင် ထောင်တဲ့
ယပ်တောင်ဖျပ်ဖျပ် တခတ်ခတ်နှင့်
ပါးစပ်ကမေး လူမှုရေးတွေ
လူလေးပြောမှ ပြေပါစဟု
ကြောင့်ကြပူပွေ ရှေးပဝေနှယ်
မွေးမေထွေးရှာ ဘိတကား။

\- သို့တွေးရုံမျှ ဘယ်မကချေ
သားလှပြန်မည် လက်အုပ်ချီသော်
ပင်နီတစ်အုပ် ဆေးတစ်ထုပ်နှင့်
ငရုတ်တစ်စိတ် ဆန်တစ်အိတ်ပြင်
ချေိပ်ကြိုမွေး ပဲနီလေးတဲ့
မြေးတွက် သားတွက် ချွေးမတွက်ဟု
အတွက်များထွေ ရှေးပဝေနှယ်
မွေးမေပေးရှာ ဘိတကား။

\- သြော်...မွေးမေကျေးဇူး မြင်းမိုရ်ဦးကို
ဆပ်ဖူးချင်သည် စိတ်ကရည်လည်း
စိတ်သည်သာရောက် မထမြောက်ဘဲ
တစ်ခေါက်ပြန်လာ လက်ဗလာတည့်
နှစ်ခေါက်ပြန်လာ လက်ဗလာတည့်
ဗလာလက်တွင်း မိချစ်ခြင်းတို့
သက်ဆင်းခဲ့သည် အလီလီမို့
နို့ရည်ချိုမျက် ဘယ်သို့သက်လည်း
တစ်စက်ဖိုးပင် ကျေမထင်ဟု
တွေးထင်ခဲ့ပြီး ဝမ်းပန်းနည်း၍
သားကြီးအိမ်ပြန် မျက်ရည်လျှံလည်း
လျှံသည့်မျက်ရည် တိတ်ခိုးဆည်။
အမေ မသိစေချင်ပြီ။ ။

**မြင်းမူမောင်နိုင်မိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## အီရန်နိုင်ငံပတ်လည်၌ အမေရိကန်တပ်များ ဆက်ရှိနေဦးမည်ဟု သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် ဧပြီ ၉**

အီရန်အနေဖြင့် အမေရိကန်အစိုးရနှင့် သဘောတူညီချက် ရယူပြီးချိန်ထိတိုင် အီရန်နိုင်ငံပတ်လည်၌ အမေရိကန်တပ်များ၊ စစ်သင်္ဘောများ၊ စစ်လေယာဉ်များ အသင့်အနေအထား ဆက်ရှိနေဦးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီ ၈ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အကယ်၍ စစ်မှန်သည့် သဘောတူညီချက်တစ်ရပ်ကို အီရန်နိုင်ငံက မရယူနိုင်ခဲ့ပါက ပိုမိုပြင်းထန်သည့် စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ရည်ရွယ်၍ ဧပြီ ၇ ရက်တွင် ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကြေညာထားသည်။

ယင်းအပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အရ အမေရိကန်အစိုးရနှင့် အီရန်အစိုးရတို့သည် ဧပြီ ၁၀ ရက်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ကျင်းပရန် စီစဉ်ထားသည်။

သို့ရာတွင် အီရန်၏နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် အီရန်အစိုးရတို့ကြား သဘောထားကွဲလွဲမှုမှာ ကျယ်ပြန့်နေဆဲဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခစတင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယနိုင်ငံ အာသံနှင့် ကာရာလာပြည်နယ်တို့၌ ရွေးကောက်ပွဲများ ကျင်းပ

**ဒေလီ ဧပြီ ၉**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် ကာရာလာပြည်နယ်တို့၌ ယနေ့တွင် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများကို စတင်ကျင်းပခဲ့ရာ ပြည်သူသန်းပေါင်းများစွာ ပါဝင်မဲပေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အာသံပြည်နယ်နှင့် ကာရာလာပြည်နယ် ရွေးကောက်ပွဲတို့မှ ထွက်ပေါ်လာမည့် ရလဒ်များသည် လက်ရှိ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီနှင့် ၎င်းဦးဆောင်သော ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ)တို့ ရယူထားနိုင်သည့် လူထုထောက်ခံမှု အတိုင်းအတာကို ပြသနိုင်မည်ဖြစ်သည်။

အာသံပြည်နယ်နှင့် ကာရာလာပြည်နယ် ရွေးကောက်ပွဲရလဒ်များကို အိန္ဒိယရွေးကောက်ပွဲကော်မရှင်က လာမည့် မေ ၄ ရက်တွင် ကြေညာနိုင်ဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံသည် အဓိက ပြည်နယ်ရွေးကောက်ပွဲများ ဖြစ်ကြသော အနောက်ဘင်္ဂါလ် ပြည်နယ်ရွေးကောက်ပွဲနှင့် တမီလ်နာဒူပြည်နယ် ရွေးကောက်ပွဲများကိုလည်း ယခုလအတွင်းကျင်းပရန်စီစဉ်ထားသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် အိန္ဒိယပြည်တွင်း၌ လောင်စာဆီဈေးနှုန်းများ မြင့်တက်နေချိန်၊ အိမ်သုံးဓာတ်ငွေ့များ ရှားပါးပြတ်လပ်နေချိန်တို့တွင် အဓိက ပြည်နယ်ရွေးကောက်ပွဲများ ကျင်းပနေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ယနေ့တွင် အာသံပြည်နယ်နှင့် ကာရာလာပြည်နယ်ရွေးကောက်ပွဲများ အပြင် ပူဒူချာရီနယ်မြေတွင်လည်း ရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## နိုင်ငံတကာပင်လယ်ဓားပြ ပြဿနာမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခွင့်ရှိကြောင်း ရုရှားအစိုးရပြောကြား



**မော်စကို ဧပြီ ၉**

ရုရှားနိုင်ငံအနေဖြင့် ကိုယ့်ကိုယ်ကိုယ် နိုင်ငံတကာပင်လယ်ဓားပြ ပြဿနာမှ ကာကွယ်ပိုင်ခွင့်ရှိကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဗြိတိန်အစိုးရ၏ အရေးယူပိတ်ဆို့မှုစာရင်း၌ ပါဝင်နေသော ရုရှားရေနံတင်သင်္ဘောများ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်သန်းစဉ် ရုရှားရေတပ် ဖရီဂိတ်စစ်သင်္ဘောတစ်စီးက လုံခြုံရေးယူပေးခဲ့ကြောင်း ဗြိတိန်မီဒီယာများက သတင်း ထုတ်ပြန်ထားခဲ့ပြီးနောက် ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗြိတိန်မီဒီယာများ၏ အဆိုအရ ရုရှားမှတ်ပုံတင် ယူနီဗာဆယ် ရေနံတင်သင်္ဘောနှင့် ကင်မရွန်းမှတ်ပုံတင် အင်နီဂမာရေနံတင်သင်္ဘောတို့ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်သန်းခဲ့စဉ် ရုရှားရေတပ်မှ အက်မိုင်ရယ်ဂရီဂိုဂိုဗစ်ချ် ဖရီဂိတ်စစ်သင်္ဘောက လုံခြုံရေးရယူပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ရုရှားရေတပ်အနေဖြင့် အဆိုပါရေနံတင် သင်္ဘောများကို နိုင်ငံတကာပင်လယ်ဓားပြ ပြဿနာမှ ကာကွယ်ရေးအတွက် လုံခြုံရေးရယူပေးခဲ့ခြင်းဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

နိုင်ငံတကာ ပင်လယ်ဓားပြ ပြဿနာသည် ရုရှားဖက်ဒရေးရှင်း၏အကျိုးစီးပွားများကို ထိခိုက်နိုင်သည့် ပြဿနာများထဲတွင် ပါဝင်ကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားထားသည်။

ဗြိတိန်ရေပြင်ကို ဖြတ်သန်းနေသည့် ရုရှားရေနံတင်သင်္ဘောများကို စစ်ဆေးဖမ်းဆီးခွင့် ဗြိတိန်တပ်မတော်ထံ ပေးအပ်ထားသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာက ပြီးခဲ့သည့် လအတွင်းက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာမည့်အရေးကို ရှောင်ရှားရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ သဘောတူ

**ပေကျင်း ဧပြီ ၉**

နှစ်နိုင်ငံ လက်နက်ကိုင်တပ်များကြား စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာမည့် အရေးကို ရှောင်ရှားရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့က သဘောတူထားသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း တရုတ်နိုင်ငံ၌ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးနောက် နှစ်နိုင်ငံတပ်များကြား စစ်ရေးပဋိပက္ခများ ပို၍ပြင်းထန်လာမည့် အရေးကို ရှောင်ရှားရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့က သဘောတူခဲ့ကြခြင်းဖြစ်သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြား နယ်စပ်စစ်ရေး ပဋိပက္ခများ ယခုနှစ်စပိုင်းတွင် စတင်ခဲ့ပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပိုမိုပြင်းထန်လာခဲ့သည်။

အဆိုပါ စစ်ရေးပဋိပက္ခများ အဆုံးသတ်ရေးအတွက် တရုတ်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန် ကိုယ်စားလှယ်များ အနေဖြင့် တရုတ်နိုင်ငံ ရှင်ကျန်းဒေသ အူရမ်ကျီမြို့၌ ဧပြီ ၁ ရက်မှ ၇ ရက်ထိ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

အဆိုပါဆွေးနွေးပွဲများ၌ သုံးနိုင်ငံကိုယ်စားလှယ်များအနေဖြင့် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်ပဋိပက္ခများ အဆုံးသတ်ရေးအတွက် ပွင့်ပွင့်လင်းလင်းဖြင့် လက်တွေ့ကျကျ ဆွေးနွေးနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ပါကစ္စတန်ပြည်တွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေသည့် စစ်သွေးကြွများကို အာဖဂန်တာလီဘန်အဖွဲ့က လက်ခံနေရာပေးထားသည်ဟု ပါကစ္စတန်က စွပ်စွဲပြောကြားထားပြီး ယင်းစွပ်စွဲချက်ကို အာဖဂန်တာလီဘန်အုပ်စုက ငြင်းပယ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## လက်ဘနွန်နိုင်ငံကို အစ္စရေးပြင်းထန်စွာတိုက်ခိုက်၊ လူ ၂၅၄ ဦး သေဆုံး၍ ၁၁၀၀ ကျော် ဒဏ်ရာရ

**ဘေရွတ် ဧပြီ ၉**

အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာအုပ်စု ပစ်မှတ်များကို ဧပြီ ၈ ရက်တွင် လေကြောင်း တိုက်ခိုက်မှုများ ပြင်းထန်စွာပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုများအတွင်း လူ ၂၅၄ ဦး သေဆုံးခဲ့ပြီး ၁၁၀၀ ကျော်ဒဏ်ရာ ရရှိခဲ့ကြောင်း လက်ဘနွန်အစိုးရက ကြေညာထားရာ အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ ကာလတစ်လျှောက် အပြင်းထန်ဆုံး လေကြောင်း တိုက်ခိုက်မှုတစ်ရပ်ဖြစ်ခဲ့သည်။

ဧပြီ ၈ ရက်တွင် ဘေရွတ်မြို့၊ ဘီလာတောင်ကြား၊ လက်ဘနွန်တောင်ပိုင်းဒေသတို့ရှိ ဟစ်ဇ်ဘိုလာ စစ်ရေးပစ်မှတ် ၁၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခအတွက် ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အမေရိကန်နှင့် အီရန်နိုင်ငံတို့က ကြေညာခဲ့ပြီး တစ်ရက်အကြာတွင် အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံကို ပြင်းထန်စွာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေး၏ ဧပြီ ၈ ရက် တိုက်ခိုက်မှုကြောင့် အဆိုပါအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားမည့်အရေးကို နိုင်ငံတကာက စိုးရိမ်လျက်ရှိသည်။

ဧပြီ ၇ ရက်တွင် ရယူခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် လက်ဘနွန်နိုင်ငံအကျုံးမဝင်ဟု အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၁၈ စင်းကို လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် လွှတ်တင်



**ပေကျင်း မေ ၉**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၁၈ စင်းကို လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် မေ ၇ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်မှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ ဒုံးပျံသည် သယ်ဆောင်ထားသော အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက ကြေညာထားသည်။

အဆိုပါ မစ်ရှင်သည် ချီယန်ဖန်းအမည်ရှိ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော သတ္တမအကြိမ်မြောက် မစ်ရှင်ဖြစ်သည်။

လောင်းမတ်ချ်-၈ ဒုံးပျံများသည် တရုတ်နိုင်ငံ၏ ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်များ တည်ဆောက်ရေး အစီအစဉ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လာသည့် ဒုံးပျံဖြစ်သည်။

မေ ၇ ရက် မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၃၆ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၂၁ ခုထိ လွှတ်တင်ထားပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News


Trs : KKO

## ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ရောင်ပြန်ကြေးမုံချပ်များထားရှိမည့် အစီအစဉ်ကြောင့် လူသားများ၏ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်

**ဝါရှင်တန် မေ ၉**

ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ရောင်ပြန်ကြေးမုံချပ်များ ထားရှိမည့်အစီအစဉ်၊ ဂြိုဟ်တုစင်းရေ တစ်သန်း ထားရှိမည့်အစီအစဉ်များကြောင့် လူသားတို့၏ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၈ ရက် သတင်းများအရ သိရသည်။

Reflect Orbital အမည်ရှိ ကုမ္ပဏီတစ်ခု၏ ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ရောင်ပြန်ကြေးမုံများ နေရာချ၍ ကမ္ဘာ့ဂြိုဟ်အတွက် နေရောင်ဖြန့်ဖြူးရေး အဆိုပြုချက်ကို အမေရိကန်ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်က သုံးသပ်နေစဉ် သိပ္ပံပညာရှင်များက အထက်ပါအတိုင်း သတိပေးထားခြင်းဖြစ်ကြောင်း၊ အမေရိကန်ဖက်ဒရယ် ဆက်သွယ်ရေး အေဂျင်စီသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုစင်းရေ တစ်သန်းထိ ထားရှိရေးအတွက် စပေ့အိတ်ကုမ္ပဏီ၏ အဆိုပြုချက်ကိုလည်း စဉ်းစားထားကြောင်း သိရသည်။



အထက်ပါ အဆိုပြုချက်များကြောင့် အလင်းအမှောင်သံသရာစက်ဝန်းပြောင်းလဲ၍ လူသားများ အိပ်စက်မှု၊ ဟော်မုန်းထုတ်လုပ်မှုတို့ကို ထိန်းချုပ်ပေးသောဇီဝနာရီစနစ် ဖောက်ပြန်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ အာတီးမစ်-၂ အာကာသယာဉ်မှူးများ နေအပြည့်ကြတ်မှုဖြစ်စဉ်ကို တွေ့ကြုံခဲ့ရ

**ဝါရှင်တန် မေ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အာတီးမစ်-၂ အာကာသယာဉ်မှူးများသည် လကမ္ဘာ အခြားဘက်ခြမ်းမှတစ်ဆင့် ရှားပါးသည့် နေအပြည့်ကြတ်မှု ဖြစ်စဉ်ကို တွေ့ကြုံခဲ့ရကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

အာတီးမစ်-၂ အာကာသယာဉ်မှူးများ လိုက်ပါသွားသည့် အိုရီယွန်အာကာသယာဉ် လကမ္ဘာ အခြားဘက်ခြမ်းကို ဖြတ်ပျံနေချိန်တွင် နေအပြည့်ကြတ်မှု ဖြစ်စဉ် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

အာတီးမစ်-၂ အာကာသယာဉ်မှူးများသည် အထက်ပါနေအပြည့်ကြတ်မှုဖြစ်စဉ်ကို ၅၃ မိနစ်ကြာ တွေ့ကြုံခဲ့ကြသည်။

နာဆာအဖွဲ့သည် အာတီးမစ်-၂ မစ်ရှင်အရ နာဆာအာကာသယာဉ်မှူး သုံးဦးနှင့်ကနေဒါအာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားသော အိုရီယွန်အာကာသယာဉ်ကို ဧပြီ ၁ ရက်တွင် SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အိုရီယွန် အာကာသယာဉ်သည် ဧပြီ ၆ ရက်တွင် လကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီး အာတီးမစ်-၂ မစ်ရှင်အာကာသယာဉ်မှူးများကို လူသားများရောက်ရှိခဲ့ဖူးသမျှ ကမ္ဘာ့ဂြိုဟ်နှင့် အဝေးဆုံးမှတ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အိုရီယွန်အာကာသယာဉ်နှင့် အာတီးမစ်-၂ မစ်ရှင်အာကာသယာဉ်မှူးများသည် ဧပြီ ၁၀ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ဖွယ်ရှိသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## QAC ဓာတုပစ္စည်းများရှူသွင်းမိပါက အဆုတ်ကိုထိခိုက်ပျက်စီးနိုင်

**နယူးယောက် မေ ၉**

သန့်ရှင်းရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ၌ ပါဝင်သော Quaternary ammomum (QAC) ခေါ် ဓာတုပစ္စည်းများ ရှူသွင်းနေရမှုများကြောင့် အဆုတ်ကိုထိခိုက်ပျက်စီးသွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

Quaternary ammomum (QAC) ခေါ် အထက်ပါဓာတုပစ္စည်းကို ရှူသွင်းနေရမှုသည် မတော်တဆသောက်သုံးမိခြင်းထက်ပင် အဆုတ်အင်္ဂါအတွက် အန္တရာယ်ပိုကြီးမားကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

QAC ဓာတုပစ္စည်းသည် ပိုးသတ်ဆေးကဲ့သို့ သန့်ရှင်းရေးလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများ၌ ၁၉၄၀ ပြည့်နှစ်များကပင် စတင်အသုံးပြုခဲ့ကြသည်။

အမေရိကန်သုတေသနပညာရှင်များသည် QAC ဓာတုပစ္စည်းများ ရှူသွင်းထားသည့်ကြွက်များ၏သွေးနမူနာကို ရယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ QAC ဓာတုပစ္စည်းကို ရှူသွင်းနေရမှုသည် ပါးစပ်ထဲ မတော်တဆ ဝင်ရောက်ခဲ့ရသည်ထက် အဆုတ်ကို ပိုမိုထိခိုက်ပျက်စီးစေနိုင်သည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

QAC ဓာတုပစ္စည်းသည် လူ့ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်များ၏ စွမ်းအင်ထုတ်လုပ်မှု ပုံစံအပေါ် အကျိုးသက်ရောက်မှု ရှိနေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

## ပုံမှန်အိပ်စက်ချိန် သတ်မှတ်ထားရှိခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်

**ဟယ်လ်ဆင်ကီး မေ ၉**

ပုံမှန်အိပ်စက်ချိန် သတ်မှတ်ထားခြင်းဖြင့် နှလုံးရုတ်တရက်ဖောက်မှုနှင့် လေဖြတ်မှုကဲ့သို့ နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဖင်လန်နိုင်ငံ အိုလူတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညအိပ်ရာဝင်ချိန် တစ်သမတ်တည်းထားရှိခြင်းဖြင့် နှလုံးကျန်းမာရေးကို ထိန်းထားနိုင်ကြောင်း သိရသည်။

ဖင်လန်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၄၆ နှစ်ရှိ လူပေါင်း ၃,၂၀၀ ကျော်တို့၏ အိပ်စက်မှုပုံစံများကို လေ့လာခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိပ်စက်ချိန် ပုံမှန်မရှိသူများသည် အိပ်စက်ချိန် ပုံမှန်ရှိသူများထက် လာမည့် နှစ်ပေါင်း ၂၀ အတွင်း နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေနှစ်ဆပိုမြင့်မားသည်ကို တွေ့ရကြောင်း ဖင်လန်သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိပ်စက်ချိန် ပုံမှန်သတ်မှတ်ထားမှုသည် နှလုံးကျန်းမာရေးအတွက် အရေးကြီးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



ML

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံကောင်းနေတဲ့ မန်စီးတီးအသင်း၊ ဆဲလ်တာဗီဂိုအသင်း၊ နာပိုလီအသင်းတို့ကို ရွေးရမှာပါ



ဒီတစ်ပတ်မှာတော့ ထိပ်သီးလိဂ်ငါးခုစလုံးကစားမှာဖြစ်ပြီး အသင်းကြီးတွေ့ဆုံမှုတွေလဲရှိနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ လက်ရှိအချိန်ဟာ အမှတ်ပေးပြိုင်ပွဲပြီးဆုံးဖို့ ပွဲစဉ်ခုနစ်ပွဲလောက်သာကျန်တော့တာမို့ အသင်းကြီးတွေကချန်ပီယံလိဂ်ဝင်ခွင့်နဲ့ဆုဖလားစိန်ခေါ်ခွင့်အတွက် ကြိုးပမ်းနေသလို၊ အသင်းငယ်တွေကလဲ တန်းမဆင်းရဖို့အတွက် ရုန်းကန်နေတာကြောင့် ရမှတ်ဆုံးရှုံးမခံတော့တာကို တွေ့ရမှာပါ။

## မန်စီးတီးအသင်းကိုရွေးရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) မှာအကြိုက်တွေ့တာကတော့ ချဲလ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပထမအကျော့တွေ့ဆုံမှုမှာတစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိချဲလ်ဆီးအသင်းကတော့ နည်းပြသစ်လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရဆဲဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ အက်ဖ်အေဖလားပြိုင်ပွဲကပေ့ါဗေလီအသင်းကို ဂိုးပြတ်နိုင်ပွဲရခဲ့တာကလွဲရင် ကျန်အသင်းတွေကိုရှုံးခဲ့တာဖြစ်ပါတယ်။ ပွဲစဉ် (၃၁) အပြီးမှာတော့ ရမှတ် ၄၈ မှတ်နဲ့ အဆင့် (၆) ရောက်နေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ဆိုရင် လာမဲ့ပွဲစဉ်တွေကိုနိုင်ပွဲရမှာဖြစ်ပါတယ်။ လက်ရှိအဆင့် (၄) နေရာက အေဗီလာအသင်းကတော့ ရမှတ်လေးမှတ်၊ အဆင့် (၅) က လီဗာပူးအသင်းနဲ့ ရမှတ်တစ်မှတ်သာကွာနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်နိုင်ပေမဲ့ လက်ရှိကစားပုံကိုမပြင်နိုင်ရင်တော့ မန်စီးတီးအသင်းလိုပုံစံကောင်းရနေတဲ့အသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့မလွယ်ပါဘူး။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာရပြီးနောက်ပိုင်းမှာ ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ကစားခဲ့တာကြောင့် ကွာရာဘောင်းဖလားပြိုင်ပွဲမှာ အာဆင်နယ်ကိုအနိုင်ယူပြီး ဆုဖလားရရှိခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ လီဗာပူးအသင်းကို လေးဂိုးပြတ်နဲ့အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အကောင်းဆုံးပုံစံရရှိနေတာဖြစ်လို့ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတဲ့ ချဲလ်ဆီးအသင်းကိုလဲနိုင်ပွဲရဖို့သေချာတာဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ် ၆၁ မှတ်ရရှိထားပြီး အဆင့် (၁)က အာဆင်နယ်အသင်းနဲ့ ရမှတ်ကိုးမှတ်သာကွာဟနေပေမဲ့ တစ်ပွဲလျှော့ကစားထားတာကြောင့် ချန်ပီယံမျှော်လင့်ချက်ရှိနေတယ်လို့ဆိုရမှာပါ။ လက်ရှိ နည်းပြဂွါဒီယိုလာရဲ့ ခံစစ်၊ ကွင်းလယ်နဲ့ တိုက်စစ်ကစားပုံက ပြီးပြည့်စုံနေသလို လီဗာပူးအသင်းကကစားတဲ့ခြေစွမ်းအတိုင်းကစားနိုင်မယ်ဆိုရင်တော့ ချဲလ်ဆီးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။ အကျောပေးမှုကလဲ မန်စီးတီးအသင်းက သရေရလဒ်ဆိုခပ်ပါးပါးဆုံးရှုံးမဲ့အခြေအနေက အနိမ့်ဆုံးရမှတ်ခွဲယူဖို့များနေတဲ့ မန်စီးတီးအသင်းကိုပဲ ရွေးရမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၅ | - | ၂ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၁ | နယူးကာဆယ် |
| ချဲလ်ဆီး | ၀ | - | ၃ | ပီအက်စ်ဂျီ |
| အဲဗာတန် | ၃ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၇ | - | ၀ | ပေ့ါဗေလီ |

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၀ | မန်စီးတီး |
| ဝက်စ်ဟမ်း | ၁ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| အာဆင်နယ် | ၀ | - | ၂ | မန်စီးတီး |
| မန်စီးတီး | ၄ | - | ၀ | လီဗာပူး |

## ဆဲလ်တာဗီဂိုအသင်း နိုင်ပွဲရမှာပါ

လာလီဂါပွဲစဉ် (၃၁) မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုအသင်းနဲ့ အိုဗီဒိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲကို အာရုံစိုက်ကစားနေတာကြောင့် ပြီးခဲ့တဲ့အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်ရှာဖွေဖို့ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပါလိဂ်ရှုံးထွက်အဆင့်မှာ လိုင်ယွန်အသင်းကိုနိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားခဲ့ရတာကြောင့် အမှတ်ပေးပွဲမှာ အလာဗက်အသင်းကိုမထင်မှတ်ဘဲရှုံးခဲ့ပြီး ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ဗလင်စီယာနဲ့ ပွဲစဉ်မှာတော့ ဗလင်စီယာအသင်းကိုအဝေးကွင်းကနေ ဘောလုံးပိုင်ဆိုင်မှုအသာ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ကစားခဲ့လို့ သုံးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒီတစ်ပတ်မှာ ကြားရက်က ဖရိုင်းဘတ်နဲ့ ယူရိုပါလိဂ်ပွဲစဉ်ရှိနေတာကြောင့် အိုဗီဒိုအသင်းနဲ့ ပွဲစဉ်မှာ အားနည်းချက်တွေရှိလာနိုင်ပေမဲ့ နည်းပြကတော့ ကစားသမားအလှည့်ကျအသုံးပြုနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲမှာ ရမှတ် ၄၄ မှတ်နဲ့ အဆင့် (၆) မှာရပ်တည်နေပေမဲ့ အဆင့် (၇)ကဆိုစီဒက်၊ အဆင့် (၈)ကဂီတာဖေးအသင်းတို့နဲ့ ရမှတ်သုံးမှတ်သာကွာဟနေတာကြောင့် အခုပွဲမှာရမှတ်ဆုံးရှုံးခဲ့ရင် ဥရောပပြိုင်ပွဲဝင်ခွင့်ဆုံးရှုံးသွားမှာဖြစ်လို့ အိုဗီဒိုလိုအသင်းငယ်နဲ့တွေ့ချိန်မှာ နိုင်ပွဲရှာရမှာဖြစ်ပါတယ်။

အိုဗီဒိုအသင်းဟာ အခုနှစ်မှ လာလီဂါကိုတန်းတက်လာတဲ့အသင်းဖြစ်တာကြောင့် ကစားသမားစုဖွဲ့မှုအားအနည်းဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုပွဲစဉ် (၃၀) ကစားအပြီးမှာ ရမှတ် ၂၄ မှတ်သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဆင့် (၁၉) ကလီဗန်တေးနဲ့ ရမှတ်နှစ်မှတ်၊ အဆင့် (၁၈)ကအယ်ချီနဲ့ရမှတ်ငါးမှတ်၊ အဆင့် (၁၇)က ဆီဗီလာအသင်းနဲ့ ရမှတ်ခုနစ်မှတ်သာ ကွာဟနေတာကြောင့် လက်ကျန်ပွဲတွေမှာ ရမှတ်ရှာနိုင်ခဲ့ရင် တန်းဆင်းဇုန်ကလွတ်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းရဲ့ကစားသမားစုဖွဲ့မှုက ဆဲလ်တာဗီဂိုလိုအသင်းကို ယှဉ်နိုင်ဖို့လိုအပ်ချက်ရှိနေသလို အမှတ်ပေးပွဲအဝေးကွင်းပွဲတွေမှာလဲ နိုင်ပွဲတစ်ပွဲသာရှိခဲ့ပြီး ပေးဂိုး ၃၄ ဂိုးထိ ပေးခဲ့ရတာကိုသတိပြုရမှာပါ။ ပထမအကျော့တွေ့ဆုံမှုမှာ သရေရလဒ်ထွက်ပေါ်ထားပေမဲ့ ခြေစွမ်းပိုင်းနဲ့ကစားသမားစုဖွဲ့မှုအရဆိုရင် ဆဲလ်တာဗီဂိုမရှုံးနိုင်သလို အကျောပေးမှုကလဲ တစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပဲ ပျော်ခွင့်ရမဲ့ အခြေအနေမှာ အိမ်ရှင်ဆဲလ်တာဗီဂိုပဲ နိုင်ပွဲရသွားမှာပါ။

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၁ | လိုင်ယွန် |
| ဘက်တစ် | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| လိုင်ယွန် | ၀ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၃ | - | ၄ | အလာဗက် |
| ဗလင်စီယာ | ၂ | - | ၃ | ဆဲလ်တာဗီဂို |

### အိုဗီဒိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၃ | - | ၀ | အိုဗီဒို |
| အက်စ်ပန်ညို | ၁ | - | ၁ | အိုဗီဒို |
| အိုဗီဒို | ၁ | - | ၀ | ဗလင်စီယာ |
| လီဗန်တေး | ၄ | - | ၂ | အိုဗီဒို |
| အိုဗီဒို | ၁ | - | ၀ | ဆီဗီလာ |

## နာပိုလီအသင်း ရလဒ်ကောင်းမှာပါ

စီးရီးအေပွဲစဉ် (၃၂) မှာ အကြိုက်တွေ့တာကတော့ ပါးမားအသင်းနဲ့ နာပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါးမားအသင်းအနေနဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ စီးရီးအေကိုတန်းတက်ပြီးနောက်ပိုင်း ကစားသမားဖြည့်တင်းမှုတွေပြုလုပ်နိုင်တာကြောင့် အခုချိန်ထိထိပ်သီးလိဂ်မှာကျန်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ စီးရီးအေအတွေ့အကြုံရှိတဲ့ကစားသမားတွေကိုခေါ်ယူနိုင်ခဲ့တာကြောင့် ရာသီအစပွဲတွေမှာရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ပါးမားအသင်းဟာ ပွဲစဉ် (၃၁)အပြီးမှာ ရမှတ် ၃၅ မှတ်နဲ့ အဆင့် (၁၃) ရောက်ရှိနေပြီး တန်းဆင်းဇုန်ကလက်ချီအသင်းနဲ့လဲ ရမှတ်ရှစ်မှတ်ကွာဟနေတာကြောင့် တန်းမဆင်းရဖို့များနေပြီး အခုပွဲကိုရှုံးနိမ့်ခဲ့ရင်လဲ ဖိအားမရှိသေးဘူးလို့ဆိုရမှာပါ။

လက်ရှိချန်ပီယံနာပိုလီအသင်းဟာ ရာသီအစမှာ ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့ပေမဲ့ တိုက်စစ်ကစားပုံအားနည်းတာကြောင့် အသင်းငယ်တွေနဲ့တွေ့ချိန်မှာ ရမှတ်ခွဲယူခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ချန်ပီယံဆုကိုကာကွယ်နိုင်ဖို့ မျှော်လင့်ချက်နည်းသွားခဲ့ပေမဲ့ လက်ရှိမှာ အမှတ်ပေးဇယားကိုဦးဆောင်နေတဲ့ အင်တာမီလန်အသင်းဟာ ရမှတ်တွေဆုံးရှုံးခဲ့တာကြောင့် သူတို့အသင်းဟာ ဒုတိယနေရာထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ပွဲစဉ် (၃၁) ကစားအပြီးမှာ သူတို့အသင်းဟာ ရမှတ် ၆၅ မှတ်ရရှိခဲ့တာကြောင့် အဆင့် (၁)က အင်တာမီလန်အသင်းနဲ့ ခုနစ်မှတ်သာကွာဟတော့လို့ လက်ကျန်ခုနစ်ပွဲအလိုမှာ ချန်ပီယံဆုကာကွယ်နိုင်ဖို့ကြိုးပမ်းရမှာဖြစ်ပါတယ်။ လက်ကျန်ပွဲတွေကလဲ ဘိုလော့နာ၊ လာဇီယိုတို့ကလွဲရင် ခြေစွမ်းပြနေတဲ့အသင်းကြီးနည်းပါးနေတာကြောင့် အခုပွဲကို အနိုင်ကစားနိုင်ရင် ချန်ပီယံဆုမျှော်လင့်ခွင့်ရမှာသေချာပါတယ်။ ဒ့ါပြင် ပြိုင်ဘက် အင်တာမီလန်အနေနဲ့ ခြေစွမ်းပြသနေတဲ့ကိုမိုအသင်းနဲ့ အဝေးကွင်းကစားရမှာဖြစ်လို့ နာပိုလီအသင်းအတွက် အခုပွဲစဉ်ဟာ မဖြစ်မနေနိုင်ပွဲရှာပြီး ရမှတ်ကွာဟမှုလျှော့ချရမှာဖြစ်ပါတယ်။ နည်းပြကွန်တီရဲ့ တိုက်စစ်ပိုင်းမှာ ဒဏ်ရာရကစားသမားများနေပေမဲ့ ကွင်းလယ်တိုက်စစ်က တွန်မီနေးနဲ့ဒီဘရိုင်းတို့အတွဲ ခြေစွမ်းပြနေတာကြောင့် ပြီးခဲ့တဲ့ငါးပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲပွဲတိုင်းဂိုးရခဲ့တာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ နာပိုလီအသင်းက အသာရထားတာကြောင့် အခုပွဲမှာမဖြစ်မနေနိုင်ပွဲရှာရမဲ့ နာပိုလီအသင်းပဲရလဒ်ကောင်းမှာပါ။

### ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပါးမား | ၁ | - | ၁ | ကက်ဂလီယာရီ |
| ဖီအိုရင်တီးနား | ၀ | - | ၀ | ပါးမား |
| တိုရီနို | ၄ | - | ၁ | ပါးမား |
| ပါးမား | ၀ | - | ၂ | ခရီမိုနန်စီ |
| လာဇီယို | ၁ | - | ၁ | ပါးမား |

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၁ | - | ၂ | နာပိုလီ |
| နာပိုလီ | ၂ | - | ၁ | တိုရီနို |
| နာပိုလီ | ၂ | - | ၁ | လက်ချီ |
| ကက်ဂလီယာရီ | ၀ | - | ၁ | နာပိုလီ |
| နာပိုလီ | ၁ | - | ၀ | အေစီမီလန် |

**ခရီးသွားဆောင်းပါး**

# ရှင်စောပုစေတီတော်နှင့် ကျောက်မှိုပွင့်ကြီးဆီ

သက်နိုင်(ပြင်ဦးလွင်)

ရောဝတီတိုင်းဒေသကြီး မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း၊ ဂေါ်ရန်ဂျီကျွန်း၊ ပြင်ခရိုင်က ထိပ်စွန်းခရီးစဉ်မှာ ဘင်္ဂလားပင်လယ်အော် ကမ်းခြေအစပ်မှာရှိနေတဲ့ ကျောက်မှိုပွင့်ကြီးတွေ၊ ကျောက်ခွက်လေးတွေ၊ ရေစီးချောင်းငယ်လေးတွေကို လေ့လာကြည့်ရှုလည်ပတ်ပြီးခဲ့ကြပါပြီ။ ဒီနေရာကနေ ရှင်စောပုစေတီတော်ရှိရာကို ဆက်လက်သွားရောက်ကြမှာပါ။ ကျောက်မှိုပွင့်ကြီးတွေရဲ့အပေါ် ထိပ်ယွန်းယွန်းမှာ ဆောက်လုပ်ထားတဲ့ဇရပ်လေးတစ်ခုမှာ နားနေစောင့်ဆိုင်းနေကြရင်း လာရောက်ကြိုဆိုတဲ့ခွေးဘီးလူးကားလေးရောက်လာတာနဲ့ ရှေ့ခရီးကို ထွက်ခွာလာခဲ့ကြတယ်။ ရှင်စောပုစေတီတော်က မိမိတို့စက်လှေဆိုက်ကပ်ခဲ့တဲ့ ချောင်းဝရွာနဲ့ ထိပ်စွန်းတို့ကို ဆက်သွယ်ထားတဲ့ ကားလမ်းဘေးတစ်နေရာအတွင်းဘက်အနည်းငယ်အကွာမှာ တည်ရှိနေတယ်။ မနက်စောစောကတည်းက ထိပ်စွန်းကိုသွားခဲ့တဲ့အချိန်မှာ ရှင်စောပုစေတီတော်သို့ ဆိုတဲ့လမ်းခွဲလေးကို တွေ့မြင်ခဲ့ကြရတယ်။

ကားလေးက ထိပ်စွန်းကနေ မောင်းနှင်လာပြီး စေတီတော်လမ်းခွဲအရောက်မှာ ဘယ်ဘက်ကိုချိုးကွေ့ဝင်ရောက်လိုက်တယ်။ လမ်းခွဲနဲ့စေတီတော်က ဝေးကွာခြင်းမရှိတာကြောင့် မိနစ်ပိုင်းလေးအတွင်း စေတီတော်ရှိရာကို ရောက်လာခဲ့ကြတယ်။ စေတီတော်က ပင်လယ်ကမ်း နဖူးထိပ်မှာ တည်ရှိနေတာပါ။ ကားရပ်လိုက်တဲ့နေရာနဲ့ စေတီတော်နေရာကနေ ပင်လယ်ပြင်ကြီးကို လှမ်းမျှော်မြင်တွေ့နေရတယ်။ ဒါပေမဲ့ အနီးကပ်ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှားတော့မဟုတ်သေးပါဘူး။ စေတီတော်လေးက မနိမ့်၊ မမြင့် သာမန်စေတီလေးပါ။ စေတီတော်ရင်ပြင်ကို ကျယ်ကျယ်ဝန်းဝန်း ကောင်းကောင်းမွန်မွန် ခင်းကျင်းတည်ဆောက်နိုင်ခြင်းမရှိသေးဘဲ စေတီတော်ပတ်လည် အနီးတစ်ဝိုက် လေး၊ ငါး၊ ဆယ်ပေလောက်ကိုသာ အကြမ်းခင်းထားနိုင်ပါသေးတယ်။ ကျန်တဲ့နေရာတွေအားလုံးက မြေပြင်၊ မြေသားတွေဖြစ်နေတယ်။

ရှင်စောပုစေတီတော်ကို လာရောက်ကြတဲ့ခရီးသွားဧည့်သည်တွေက စေတီတော်ကို ဖူးမြော်ကန်တော့ကြဖို့ သက်သက်လာရောက်ကြတာ မဟုတ်ဘဲ စေတီတော်အောက်ဘက်မှာရှိနေတဲ့ ပင်လယ်ပြင်ကြီးနဲ့ပင်လယ်ကမ်းစပ်မှာရှိနေတဲ့ ကျောက်မှိုပွင့်ကြီးရှိရာကိုလာရောက်ကြတာပါ။ ဒါကြောင့်လဲ ကားရပ်နားကွင်းမှာ ကားရပ်လိုက်ပြီး ကားပေါ်က ဆင်းလာကြသူအားလုံးနီးပါးက ဈေးဆိုင်လေးအတွင်း ဝင်သူကဝင်၊ စေတီတော်ဘေးက လှေကားလေးအတိုင်း ပင်လယ်ပြင်ကြီးရှိရာကို ဆင်းသူတွေကဆင်းနဲ့ မိမိတို့အလိုရှိရာကို သွားလာနေကြတော့တယ်။ မိမိတို့မောင်နှမတွေလဲ စေတီတော်မှာ အချိန်အနည်းငယ်ပေးပြီး အဆင်ပြေသလို ဖူးမြော်ကန်တော့ပြီးကြတာနဲ့ပင်လယ်ပြင်ကြီးရှိရာကို ဆင်းလာခဲ့ကြတယ်။

နေရာဒေသက ခရီးသွားဧည့်သည်တွေလာရောက်မှုအလွန်နည်းပါးနေသေးပြီး ရပ်ရွာနယ်မြေအခြေအနေကလဲ ဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ သာမန်ရွာငယ်လေးတွေဖြစ်နေတာကြောင့် စေတီတော်ကနေ ပင်လယ်ပြင်ရှိရာကို အတက်အဆင်းလုပ်တဲ့ အုတ်လှေကားလေးကို ကောင်းကောင်းမွန်မွန်၊ သပ်သပ်ရပ်ရပ် အဆင့်မြင့်မြင့်မလုပ်နိုင်သေးပါဘူး။ တက်လာတဲ့သူတွေ၊ ဆင်းသွားတဲ့သူတွေ စောင့်ဆိုင်းရှောင်ရှားသွားလာနေကြရတယ်။ ဒါပေမဲ့ ပြုလုပ်ထားတဲ့အုတ်လှေကားက အတက်အဆင်းမြင့်မားရှည်လျားမှုမရှိတဲ့အပြင် ခရီးသွားဧည့်သည်တွေနည်းပါးနေလို့တော်ပါသေးတယ်။ လာရောက်ကြတဲ့ဧည့်သည်တွေ အလွန်များပြားနေမယ်ဆိုရင် ဒီလှေကားကျဉ်းလေးမှာ အချိန်တွေ အတော်ကြာကြာပေးပြီး စောင့်ဆိုင်းကြရတော့မှာပါ။

စေတီတော်အောက်ခြေမှာရှိတဲ့ ပင်လယ်ကမ်းစပ်ကို ရောက်တဲ့အခါမှာ မိမိတို့မောင်နှမတွေနဲ့ အခြားလူလေး၊ ငါးယောက်လောက်သာ ရှိနေကြတယ်။ ဒီနေရာပင်လယ်ကမ်းခြေမှာ ကျောက်ဆောင်၊ ကျောက်ကမ်းပါးတွေရှိမနေကြဘဲ ချောင်းသာကမ်းခြေမှာလို၊ ငွေဆောင်ကမ်းခြေမှာလို သဲသောင်ပြင်ကြီးတွေ တစ်မျှော်တစ်ခေါ် ကျယ်ကျယ်ပြန့်ပြန့်ရှိနေကြပေမဲ့ ပင်လယ်ရေထဲမှာ ရေချိုး၊ ရေဆော့နေကြသူရှိမနေကြပါဘူး။ ဒါကြောင့် ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ခြောက်ခြောက်ကပ်ကပ်၊ တိတ်တိတ်



ရှင်စောပုစေတီတော်ကို ဖူးတွေ့ရစဉ်။

ဆိတ်ဆိတ်ဖြစ်နေတယ်။ ကမ်းခြေသဲသောင်ပြင်တွေပေါ်မှာလဲ အုန်းရွက်၊ အုန်းလက်တွေ၊ ပလတ်စတစ်တွေ၊ အမှိုက်တွေ အနည်းငယ်ရှိနေကြတယ်။ မိမိတို့သဲသောင်ပြင်မှာ တစ်ပွင့်တည်း ထီးထီးမားမားရှိနေတဲ့ ကျောက်မှိုပွင့်ကြီးရှိရာကို ရောက်လာခဲ့ကြတယ်။ ဒီကျောက်မှိုပွင့်ကြီးက ထိပ်စွန်းအနီးမှာတည်ရှိနေကြတဲ့ ကျောက်မှိုပွင့်တန်းကြီးနဲ့မတူဘဲ ထူးထူးခြားခြားနဲ့သီးသီးသန့်သန့်တည်ရှိနေတယ်။ သဲခုံတန်းကြီးကနေ ခွဲထွက်နေတာပါ။ ဒါပေမဲ့ ကျောက်မှိုပွင့်ကြီးရဲ့ဘေးအနီးမှာ ကျောက်တိုင်ပြတ်ကြီးတစ်ခုကို မြင်တွေ့နေရတာကြောင့် အရင်တုန်းက အခုလိုတစ်ခုတည်းမက နှစ်ခု ဒါမှမဟုတ် ဒီထက်များပြားတဲ့ကျောက်မှိုပွင့်ကြီးတွေရှိနေနိုင်ပါတယ်။

အခုကျောက်မှိုပွင့်ကြီးပေါ်မှာ စေတီငယ်လေးတစ်ဆူတည်ထားတာကို တွေ့မြင်နေရတယ်။ တစ်ပိုင်းတစ်စပြတ်နေတဲ့စာသားတွေကို ဆက်စပ်ဖတ်ရှုကြည့်တဲ့အခါ မြစေတီဖြစ်ကြောင်း သိလိုက်ရတယ်။ ကျောက်မှိုပွင့်ကြီးအနီးမှာ အခြားလေ့လာကြည့်ရှုနေကြသူတွေ တစ်ဦးတစ်ယောက်မှမရှိကြဘဲ မိမိတို့သာရှိနေတာကြောင့် လွတ်လွတ်လပ်လပ်၊ အေးအေးဆေးဆေးနဲ့ လေ့လာခွင့်ရနေကြသလို စိတ်တိုင်းကျ ဓာတ်ပုံရိုက်ယူခွင့်ရနေကြတယ်။ ကျောက်မှိုပွင့်က တစ်ပွင့်တည်းရှိနေတာကြောင့် ဒီကျောက်မှိုပွင့်ကြီးမှာပဲ ပတ်ချာလှည့်ပြီး လေ့လာကြည့်ရှုကြရတယ်။ ထိပ်စွန်းအနီးမှာ ဖြစ်ပေါ်တည်ရှိနေတာကြောင့် ဒီကျောက်မှိုပွင့်ကြီးတွေက သဲခုံတန်းတွေနဲ့ ဆက်စပ်တည်ရှိဖြစ်ပေါ်နေလို့ ဒီလိုပတ်ချာလှည့်ပြီး ကြည့်ရှုဖို့မဖြစ်နိုင်ကြပါဘူး။ ဒါပေမဲ့ အခုရောက်ရှိနေကြတဲ့ ကျောက်မှိုပွင့်ကြီးအနီးက သဲခုံတန်းမှာလဲ တစ်ပိုင်းတစ်စဖြစ်ပေါ်စပြုနေတဲ့ ကျောက်မှိုပွင့် ပုံသဏ္ဌာန်လေးတွေကို မထင်မရှားတွေ့မြင်နေရတယ်။ ပီပီပြင်ပြင်မရှိကြသေးသလို နောင်တစ်ချိန် နှစ်ပေါင်းများစွာ ကြာရှည်လာတဲ့အခါ ပီပြင်ထင်ရှားတဲ့ ကျောက်မှိုပွင့်ကြီးတွေအဖြစ် ပြောင်းလဲဖြစ်ပေါ်လာကြမလားဆိုတာကိုတော့ မပြောနိုင်သေးပါဘူး။

တစ်ခုတည်းသော ကျောက်မှိုပွင့်ကြီးကို လေ့လာပြီးကြတာနဲ့ ရှင်စောပုစေတီတော်ရှိတဲ့ ကမ်းပါးယံပေါ်ကို ဆင်းလာခဲ့တဲ့ လှေခါးထစ်တွေအတိုင်း ပြန်တက်လာခဲ့ကြတယ်။ လူသူကင်းရှင်းနေတဲ့ ပင်လယ်ပြင်ကြီးကတော့ လှိုင်းလုံးလေးတွေ တဖြည်းဖြည်းတငြိမ့်ငြိမ့်၊ ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ်နဲ့မိမိတို့နောက်မှာ ကျန်ရစ်နေခဲ့ပါပြီ။ စေတီတော်တည်ရှိနေတဲ့ ကမ်းပါးပေါ်ကို ရောက်တာနဲ့အပေါ်စီးအထက်အမြင့်ကနေ တွေ့မြင်နေရတဲ့ပင်လယ်ပြင်ကြီးကို မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြရပြန်တယ်။ ကမ်းခြေအနီးမှာ ဟိုတယ်တွေ၊ မိုတယ်တွေနဲ့ ရေချိုးခန်းတွေရှိလာမယ်ဆိုရင်၊ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာမယ်ဆိုရင်၊ နေရာဒေသကို လူသိများစိတ်ဝင်စား လာကြမယ်ဆိုရင် အပန်းဖြေ ပင်လယ်ကမ်းခြေကောင်းတစ်ခု ဖြစ်လာမှာ မလွဲပါဘူး။

ပင်လယ်ပြင်ကြီးကို ဓာတ်ပုံရိုက်ပြီးတာနဲ့ ငါးပိ၊ ငါးခြောက်ဆိုင်လေးမှာ ရောင်းကုန်ပစ္စည်းတွေကို ကြည့်ရှုလေ့လာရင်း ဈေးနှုန်းတွေကို မေးမြန်းစုံစမ်းကြည့်ကြရတယ်။ ပြင်ခရိုင် ထိပ်စွန်းနဲ့မော်တင်စွန်း၊ ဟိုင်းကြီးကျွန်းတွေမှာ ဘယ်နေရာ၊ ဘယ်ဒေသက ပိုပြီးဈေးဝယ်လို့ကောင်းတယ်၊ ဈေးသက်သာတယ်၊ ပစ္စည်းမှန်တယ်ဆိုတာတွေကို သိထားကြဖို့ဖြစ်ပါတယ်။ ဒေသခံညီဝမ်းကွဲ ဖိုးစိန်ကတော့ ဟိုင်းကြီးကျွန်းမှာ ဈေးဝယ်ရတာ ပိုမိုအဆင်ပြေကြောင်း ပြောပြထားတယ်။ ဒီအတိုင်းဆိုရင် အပြန်ခရီးမှာ ဟိုင်းကြီးကျွန်းကိုဝင်ရောက်ပြီး ဝယ်စရာရှိတာတွေ ဝယ်ယူကြရအုံးမှာပါ။

ရှင်စောပုစေတီတော်ကနေ ပြန်လာခဲ့ကြပြီး နေ့လယ်စာ စားသောက်ကြဖို့အတွက် စားသောက်ဆိုင်တစ်ဆိုင်ကို သွားရောက်ကြရတယ်။ မိမိတို့ကို တင်ဆောင်လာတဲ့ ခွေးဘီလူးကားလေးက လပွတ္တာ-ထိပ်စွန်းကားလမ်းလေးအတိုင်း မောင်းနှင်လာပြီး လမ်းခွဲလမ်းကျဉ်းလေးတစ်ခုအရောက်မှာ ညာဘက်ကိုချိုးကွေ့ဝင်ရောက်လိုက်တယ်။ ဒီလိုချိုးကွေ့မောင်းလာရင်းနဲ့မကြာခင်မှာ ပင်လယ်ကမ်းခြေမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကို ရောက်လာခဲ့ကြတယ်။ လပွတ္တာ-ထိပ်စွန်းကားလမ်းရဲ့ဘယ်ဘက်မှာရှိနေတဲ့ ရှင်စောပုစေတီရှိရာကို ချိုးကွေ့ဝင်ရောက်လိုက်တဲ့အခါမှာလဲ ပင်လယ်ပြင်ကြီးကိုတွေ့မြင်ရ၊ ညာဘက်ကို ချိုးကွေ့လိုက်တဲ့အခါမှာလဲ ပင်လယ်ပြင်ကြီးကို တွေ့မြင်နေရတာတွေက လမ်းခရီးအကြောင်း၊ မြေပုံ၊ ဒေသအနေအထားတွေကို သေသေချာချာသိရှိမထားရင် ထူးခြားပြီး မျက်စိလည်နေကြမှာပါ။ ဒါ့ပြင် အံ့သြစရာကောင်းနေမှာလဲ ဖြစ်ပါတယ်။

တကယ်တော့ ဒီဒေသကြီးတစ်ခုလုံးကို ပင်လယ်ပြင်နဲ့ပင်လယ်ရေတွေက ဝိုင်းရံထားတာဖြစ်ပါတယ်။ ပုံသဏ္ဌာန်အနေနဲ့ကုန်းမြေနေရာ ကျဉ်းကျဉ်းလေးက ဂငယ်ပုံစံစွန်းထွက်၊ ချွန်းထွက်နေတယ်။ ဒီဂငယ်ပုံစံပင်လယ်ကွေ့အတွင်းမှာ ထပ်မံပြီး ပင်လယ်ကွေ့ငယ်လေးတွေရှိနေပြန်သေးတယ်။ ကွေ့ငယ်လေးတစ်ခုစီက ကျေးရွာလေးတစ်ရွာစီပါ။ ကွေ့ငယ်လေးတွေကို ဒေသအခေါ် ချိုင်လို့ခေါ်ကြတယ်။ ဒါကြောင့် ဒေသတွင်းမှာ အဆင်းချိုင်ရွာ၊ မကျီးချိုင်ရွာ၊ ကြက်လျှာချိုင်ရွာ၊ ဆီးချိုင်ရွာ စတာတွေပေါ်ပေါက်လာရတယ်။

စားသောက်ဆိုင်ကို ရောက်လာတာနဲ့ ထိုင်လို့လဲကောင်း၊ ပင်လယ်ပြင်ခရုခင်းတွေကိုလဲ ကြည့်လို့ရတဲ့နေရာတစ်ခုကို ရွေးချယ်ထိုင်လိုက်ကြတယ်။ ဒီအချိန်မှာ ဒီနေရာ၊ ဒီဒေသကို ရောက်ဖူးနေတဲ့ မိမိအတွက် ထူးခြားမှုတစ်ခုကို သတိထားမိလိုက်တယ်။ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက ကျောက်မှိုပွင့်ကြီးတွေရှိနေတဲ့ထိပ်စွန်းအနီးတစ်ဝိုက်မှာ ငါးဖမ်းစက်လှေအကြီး၊ အသေးတွေကို တသီတတန်းအများအပြားတွေ့မြင်ခဲ့ရတာပါ။ ပြင်းထန်တဲ့ လှိုင်းတွေ၊ ရေတွေ၊ လေတွေကြားမှာ စက်လှေတွေကြိုးစားရုန်းကန်လှုပ်ရှားနေကြရတာကိုလဲ မျက်စိထဲမှာ ပြန်လည်မြင်ယောင်နေမိတယ်။ အခုတစ်ခေါက်ဒီနေရာကို ရောက်လာတဲ့အခါ ထိပ်စွန်းနေရာမှာစက်လှေတွေနည်းပါးသွားပြီး ရောက်ရှိနေတဲ့ စားသောက်ဆိုင်အနီးက ပင်လယ်ပြင်ထဲမှာ စက်လှေတွေအမြောက်အမြားသွားလာလှုပ်ရှားနေတာတစ်မျိုး၊ ကျောက်ချရပ်နားထားနေတာတစ်မျိုးနဲ့ တွေ့မြင်နေရတော့တယ်။ ပင်လယ်ရေအတက်အကျ၊ ရာသီဥတုအခြေအနေတွေနဲ့ အခြားအကြောင်းအရာ အမျိုးမျိုးတွေကြောင့် ရပ်နားတဲ့နေရာတွေ အပြောင်းအလဲဖြစ်သွားတယ်လို့ တွေးထင်လိုက်မိတယ်။

စားသောက်ဆိုင်မှာထိုင်ကြမယ်၊ စားသောက်ကြမယ်ဆိုရင် မိမိတို့စားချင်တဲ့ စားသောက်ဖွယ်ရာအသီးသီးကို မှာယူစားသောက်ကြရမှာပါ။ ဒါပေမဲ့ ဒီဆိုင်မှာ အဲဒီလိုမဟုတ်ဘဲ ဒေသခံမိတ်ဆွေ ငါး၊ ပုစွန်အဝယ်ဒိုင်ပိုင်ရှင် ကိုအောင်စိုးရဲ့ စီစဉ်ထားမှုကြောင့် ဟင်းလျာတွေကို မိမိတို့ကိုယ်တိုင် မှာယူစရာမလိုတော့ပါဘူး။ အဝယ်ဒိုင်ကနေ ကြိုတင်ပို့ပေးထားတဲ့ ငါး၊ ပုစွန်အပါအဝင် ပင်လယ်စာအမျိုးမျိုးကို စားသောက်ဆိုင်က ဖွယ်ဖွယ်ရာရာဖြစ်အောင် ချက်ပြုတ်ပြီး ဧည့်ခံကျွေးမွေးပေးသွားမှာပါ။ ဘာဟင်းလျာတွေကို ဘယ်လိုချက်ပြုတ်ကျွေးမွေးမယ်ဆိုတာကိုတော့ မသိရသေးပါဘူး။ သေချာတာတစ်ခုကတော့ ပင်လယ်ရေထွက် သတ္တဝါမျိုးစုံကို ဝဝလင်လင် ကောင်းကောင်းမွန်မွန်စားသောက်ကြရတော့မှာပါ။

အခု မိမိတို့မောင်နှမတွေ နောက်ဆုံးရောက်ရှိလေ့လာလည်ပတ်ခဲ့တဲ့နေရာက ရှင်စောပုစေတီတော်နဲ့ ကျောက်မှိုပွင့်ကြီးဆီကိုပါ။ ခရီးအစီအစဉ်အရ နေ့လယ်စာ ထမင်းစားသောက်ပြီးကြတာနဲ့ ကိုအောင်စိုးရဲ့ ငါး၊ ပုစွန်ဒိုင်ကို သွားရောက်လေ့လာကြည့်ရှုကြအုံးမှာဖြစ်ပါတယ်။ အခုအချိန်မှာတော့ စားပွဲပေါ်ကို တစ်ပွဲပြီးတစ်ပွဲ ရောက်လာကြတဲ့ ပင်လယ်စာဟင်းလျာတွေကို မြည်းစမ်းစားသောက်ကြည့်လိုက်ပါအုံးမယ်။

# ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ၁၃၈၈ ခုနှစ် နှစ်သစ်မင်္ဂလာအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အစဉ်အလာမပျက် ကျင်းပမည်



ယခင်နှစ်က နှစ်သစ်မင်္ဂလာအခမ်းအနားကျင်းပနေသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ၁၃၈၈ ခုနှစ် နှစ်သစ်မင်္ဂလာအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ အခမ်းအနားတွင် ရွှေတိဂုံစေတီတော်မြတ်အား ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စောင့်ရှောက်ရေး သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"၁၃၈၈ ခုနှစ် နှစ်သစ်မင်္ဂလာ အခမ်းအနား အစီအစဉ်ကတော့ နှစ်ဆန်းတစ်ရက် မနက် ၅ နာရီမှာ ရွှေတိဂုံစေတီတော်မြတ်အား သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတွေနဲ့ ဆွမ်းတော်ကြီးကပ်လှူတာ၊ ဩဝါဒါစရိယဆရာတော်ကြီးတွေနဲ့ စောင့်ရှောက်ရေး သံဃာတော်တွေကို အရုဏ်ဆွမ်းဆက်ကပ်တာတွေပါမယ်။ မနက် ၆ နာရီခွဲမှာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှာ ဩဝါဒါစရိယ ဆရာတော်ကြီးတွေထံက အန္တရာယ်ကင်း ပရိတ်နာတာ၊ လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လှူဒါန်းတာ၊ ရေစက်ချအနုမောဒနာ တရားနာယူတာတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။ မနက် ၇ နာရီမှာတော့ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်မှာ ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ASH

# ကံ့ကော်နီရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဧပြီ ၉**

ကံ့ကော်နီ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဧပြီ ၂၆ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြ၍ သိရသည်။

အဆိုပါ ကံ့ကော်နီရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ မင်းလူ၏ လူသိများ ထင်ရှားသည့် တက္ကသိုလ် နောက်ခံအချစ်ဝတ္ထု တစ်ပုဒ်ကို လွင်မင်းအံ့က ဇာတ်ညွှန်းရေးသားထားကာ ခရေမြို့ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာဝိုင်းက တာဝန်ယူ ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"စာရေးဆရာမင်းလူရဲ့ အောင်မြင်တဲ့ တက္ကသိုလ်နောက်ခံ အချစ်ဝတ္ထုကို မူရင်းဝတ္ထုနာမည်အတိုင်း အမည်ပေးထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ တက္ကသိုလ် အချစ်ဇာတ်လမ်းတွေကို လွမ်းမောတမ်းတနေသူတွေအတွက် အလွမ်းပြေမြင်ရမှာဖြစ်သလို စက်မှုကျောင်းသူ ခင်မေတင့်နဲ့ ရန်ကုန်တက္ကသိုလ်က မြန်မာစာကျောင်းသား စိုးချစ်တို့ရဲ့ တက္ကသိုလ်ဇာတ်လမ်းတစ်ပုဒ်ကို မြင်ရမှာပါ။ ၂၀၂၅ ခုနှစ် မတ်လတုန်းက ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဧပြီ ၂၆ ရက်မှာ CANAL+ ZAT LENN Channel ကနေ ထုတ်လွှင့်သွားမှာပါ"ဟု သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြသည်။




ကံ့ကော်နီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ ချမ်းမင်းရဲထွဋ်၊ ဖွေးဖွေး၊ ရွှေသမီးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး CANAL+ ZAT LENN Channel မှ ဧပြီ ၁၂ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# သင်္ကြန်အချစ်စကား ဇာတ်လမ်းတွဲ Press Show ကို ဗဟန်းမြို့နယ်ရှိ The Clover Cafe & Restaurant ၌ ပြုလုပ်

**ရန်ကုန် ဧပြီ ၉**

သင်္ကြန်အချစ်စကား ဇာတ်လမ်းတွဲ Press Show ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ The Clover Cafe & Restaurant တွင် ဧပြီ ၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်္ကြန်အချစ်စကား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညီအောင်ညီနှင့် အေးမြတ်ချိုတို့က ရေးသားထားကြပြီး ဒါရိုက်တာ ရာဇဝင်ကိုက BO BO Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ ဖိုးသိကြားဆိုတဲ့ ကာရိုက်တာနေရာလေးက ပါဝင်ထားပါတယ်။ သင်္ကြန် ဇာတ်ကားလေးဆိုတော့ အချစ်ဒရာမာဇာတ်လမ်းလေးပါ။ ကျွန်တော်တို့ သင်္ကြန်ကာလလေးဆိုတော့ ရိုက်ကူးဖြစ်တာပါ။ ကျွန်တော့်အတွက် သင်္ကြန်ဇာတ်ကားဆိုရင် သုံးကားမြောက် ဇာတ်ကားလို့ ပြောလို့ရပါတယ်။ သင်္ကြန် ကာလလေးဆိုတော့ ရိုက်ကူးရတာလဲ သဘောကျပါတယ်။ အပိုင်းခြောက်ပိုင်းစာ ပါဝင်မဲ့ သင်္ကြန်အချစ်စကား ဇာတ်လမ်းတွဲကိုတော့ ဧပြီ ၁၀ ရက်ကစတင်ပြီး Mahar Application၊ Mahar Channel ကနေ ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် တေဇလင်းရောင်က ပြောပြသည်။

သင်္ကြန်အချစ်စကား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် တေဇလင်းရောင်၊ မင်းအာကာ၊ မျိုးကိုကျော်၊ ထူးအောင်ဝေ၊ ပိုင်အိမ်ခ၊ သံသာညီ၊ ဥဩသံသာ၊ မိုးသဲဖြူ၊ ဖွားဖွား၊ ခေးကို၊ ဝါဝါမေမောင်၊ ယဉ်မင်းပိုက်၊ မေယမင်းချို၊ ဆုသရဖီကို၊ မေယံနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Strangers လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး ဖရန်ကီရှော ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဧပြီ ၉**

Strangers အမည်ရှိ အချစ်မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကား သစ်တွင် မင်းသမီး ဖရန်ကီရှော ပါဝင်မည်ဖြစ်ကြောင်း ဧပြီ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်ဟု သိရသည်။

Strangers ဇာတ်ကားတွင် မင်းသမီး ဖရန်ကီရှောသည် မင်းသား ဂျက်ဝါ၊ အာရစ်လန်း၊ မင်းသမီး ကာတီဖန်နာရန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Strangers ဇာတ်ကားကို မင်းသား ဂျက်ဝါကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေး ဆရာ ဒန်နီရှမ့်က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Strangers ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

Strangers ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
Trs : KKO



# Octet ပြဇာတ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ဒါရိုက်တာ လင်းမင်နျူရယ်မီရန်ဒါ ရိုက်ကူးမည်

**နယူးယောက် ဧပြီ ၉**

ဘရော့ဒ်ဝေးပြဇာတ်လောက၏ နာမည်ကျော် ပြဇာတ်တစ်ပုဒ်ဖြစ်သော Octet အမည်ရှိ ပြဇာတ်ကို ဒါရိုက်တာ လင်းမင်နျူရယ်မီရန်ဒါက ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်ဖြစ်ကြောင်း ဧပြီ ၈ ရက်သတင်းများတွင် ရေးသား ဖော်ပြထားသည်ဟု သိရသည်။

Octet ပြဇာတ်ကို အမေရိကန် စာရေးဆရာနှင့် သီချင်းရေးဆရာ ဒေ့မယ်လ်လွိုင်းက ရေးသားဖန်တီး ထားခြင်းဖြစ်သည်။

Octet ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ပြဇာတ်ရေးဆရာ ဒေ့မယ်လ်လွိုင်းကိုယ်တိုင် ရေးသားပေးမည်ဖြစ်သည်။

ဒါရိုက်တာ လင်းမင်နျူရယ်မီရန်ဒါသည် tick, tick BOOM! ဇာတ်ကားဖြင့် အော်စကာဆန်ခါတင်စာရင်း ဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Octet ဇာတ်ကား၌ ပါဝင်မည့် သရုပ်ဆောင်များကို နောက်ပိုင်းတွင် ကြေညာပေးရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

Octet ဇာတ်ကားသည် အင်တာနက်စွဲနေသူရှစ်ဦး ဘုရားကျောင်းမြေတိုက်ခန်း၌ ၎င်းတို့၏ ဖုန်းများကို သေတ္တာထဲထည့် သော့ခတ်၍ နေခဲ့ကြပုံကို ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
Trs : KKO





# Foreign state dignitaries send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from foreign state dignitaries sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

H.E. Mr. Rustam N. Minnikhanov, Head of the Republic of Tatarstan, the Russian Federation sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

## Press Release

H.E. Mr. Sergei Shoigu, Secretary of the Security Council of the Russian Federation sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

**Honorable Mister Min Aung Hlaing,**

Please accept my sincere congratulations on Your election to the post of the President of the Republic of the Union of Myanmar.

I am confident that, under Your able leadership, the Republic of the Union of Myanmar will continue to strengthen its unity, advance its development, and maintain high rates of economic growth.

I recall with great appreciation our meetings and am sincerely grateful for the opportunity of personal engagement with You.

I am convinced that Your election constitutes a solid foundation for the further progressive development of Russian-Myanmar cooperation. The strong ties between our peoples are time-tested and have a profound future.

Wishing You robust health and continued success in Your high office, as well as prosperity and well being to the people of Myanmar.

**Sergei Shoigu**
**Secretary of the Security Council**
**Russian Federation**

## Press Release

U Ko Ko Latt, Honorary Consul of Iceland to Myanmar sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

**His Excellency**
**U Min Aung Hlaing**
**President of the Republic of the Union of Myanmar**
**Nay Pyi Taw**
**Your Excellency,**

On the distinguished occasion of your election as President of the Republic of the Union of Myanmar, I have the honor, in my capacity as Honorary Consul of Iceland to Myanmar, to extend my warmest and most sincere congratulations.

Your Excellency's election reflects the confidence placed in your leadership at an important time for the nation. I am confident that under your guidance, Myanmar will continue its efforts toward peace, stability, and sustainable development for the benefit of all its people.

I would also like to take this opportunity to reaffirm my commitment to further strengthening the friendly relations between Myanmar and Iceland, and to promoting cooperation in areas of mutual interest, including trade, investment, and sustainable development.

Please accept, Your Excellency, the assurances of my highest consideration and my best wishes for your continued success in this important responsibility

Respectfully yours,

**Ko Ko Latt**
**Honorary Consul of Iceland to Myanmar**

## Press Release

H.E.Mr. Alexander Turchin, Prime Minister of the Republic of Belarus sent a congratulatory message to H.E. U Nyo Saw on his election as Vice-President of the Republic of the Union of Myanmar.

**Your Excellency,**

On behalf of the Government of the Republic of Belarus and personally, I congratulate You on the appointment as Vice-President of the Republic of the Union of Myanmar.

Taking the opportunity, I reaffirm the commitment of Minsk to further development of mutually beneficial relations with Nay Pyi Taw, based on friendship, trust and mutual assistance.

Our countries have created all the necessary conditions for expanding cooperation in political, trade, economic, scientific, technical, and humanitarian spheres. The priority task is to implement the agreements reached during high-level meetings, as well as to carry out the decisions of the 2nd session of the Joint Belarusian-Myanmar Intergovernmental Committee on Trade and Economic Cooperation, which were adopted in October 2025.

I look forward to further fruitful contacts between the Governments of Belarus and Myanmar with a view to ensuring the well-being of our peoples.

Please accept, Your Excellency, my best wishes for good health, energy and every success in responsible state duties, as well as the assurances of my highest consideration.

**Alexander Turchin**

# Israeli strikes on Lebanon do not fall within self-defense: EU foreign policy chief

**Brussels April 9**

European Union (EU) foreign policy chief Kaja Kallas said Thursday that Israel's latest strikes on Lebanon, which killed hundreds overnight, did not fall within self-defense.

"Israel's right to defend itself does not justify inflicting such massive destruction," Kallas said in a post on social media platform X. She warned that the strikes risk further destabilizing the region and added that Israel's actions were putting the U.S.-Iran ceasefire under severe strain.

The United States and Iran announced a two-week ceasefire on Tuesday evening, less than two hours before a deadline set by Washington in the morning. Israel said it accepts the truce but will continue fighting in Lebanon against Hezbollah.

Kallas noted that the ceasefire should be extended to Lebanon. Xinhua

# Organizations and committees issue congratulatory messages on the election of Senior General Min Aung Hlaing as President

**Nay Pyi Taw April 9**

The Zinamanaung Pagoda Gold Robe Offering and All-round Construction Association (Thakayta), the MSME Association (Nay Pyi Taw), the Speaker, Deputy Speaker, and members of the Yangon Region Hluttaw, the Yangon Region Sports and Youth Affairs Support Task Force, New Life Youth Development Philanthropic Association, Myanmar Geosciences Society, Mandalay Region Chambers of Commerce and Industry and the leading patron, patrons, the chairman and members of the central executive committee of the MESF extended their warmest congratulations on the election of Senior General Min Aung Hlaing as President. Having been initially chosen as a Vice President by the elected Pyithu Hluttaw group, the Senior General was elected President by the Electoral College—comprising all representatives of the Pyidaungsu Hluttaw—on 3 April 2026.

In their congratulatory messages, these organizations expressed immense pleasure and honor regarding the Senior General's election. They prayed for the President's physical and mental well-being and for his continued service to the interests of the State, race, language, and religion. They also expressed hope that the country's economy, particularly the MSME sector, would achieve significant progress under his leadership. Furthermore, they wished the President health and happiness and prayed for the nation to remain free from all dangers.

**100**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May President Senior General Min Aung Hlaing enjoy physical and mental well-being and serve the interest of the State and race and religion exponentially in peace of body and mind.

**Zinamanaung Pagoda Gold Robe Offering and All-round Construction Association (Thakayta)**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We wish President Senior General Min Aung Hlaing well while overcoming all animosities and the three disasters and exercising noble wisdom.

**Speaker, Deputy Speaker, and members of the Yangon Region Hluttaw**

**Message of Congratulations**

The New Life Youth Development Philanthropic Association is deeply honored and delighted that Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We respectfully offer our best wishes for your physical and mental well-being and for your success in achieving the peace, stability, and development of the State.

**New Life Youth Development Philanthropic Association**

**Message of Congratulations and Great Pride**

The Mandalay Region Chambers of Commerce and Industry is deeply honored and delighted that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar at the third session of Pyidaungsu Hluttaw held on April 3, 2026. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Mandalay Region Chambers of Commerce and Industry**

**Warmest Congratulations**

We, the Nay Pyi Taw Micro, Small and Medium Enterprises Association, send our warmest congratulations on the election of Senior General Min Aung Hlaing as President, and U Nyo Saw and Daw Nan Ni Ni Aye as Vice Presidents, in accordance with presidential election procedures.

We anticipate that the national economy, specifically the MSME sector, will see further progress under the President's leadership.

The MSME Association will actively collaborate with the government in endeavors for national economic and industrial development, as well as the generation of job opportunities.

We wish the new government, led by the President, health and happiness as they successfully serve the interests of the State and its people.

**MSME Association (Nay Pyi Taw)**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May President Senior General Min Aung Hlaing enjoy physical and mental well-being and serve the interest of the State and race and religion exponentially in peace of body and mind.

**Yangon Region Sports and Youth Affairs Support Task Force**

**Message of Congratulations and Great Pride**

The Myanmar Geosciences Society is deeply honored and delighted that Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We respectfully offer our prayers and best wishes for the President's physical and mental well-being and for his success in carrying out the duties of the State.

**Myanmar Geosciences Society**

**Congratulations**

We heartily congratulate President of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his government on their being elected in accordance with the will of the people.

The Myanmar Esports Federation and esports teams, which won the gold medal in Esports World Cup 2025, and the entire esport youths, solemnly pledge to cooperate in the process for building a world-class digital new Myanmar in any role we have to play relentlessly under the leadership of the President.

**The leading patron, patrons, the chairman and members of the central executive committee of the MESF**

# Italian PM condemns violation of U.S.-Iran ceasefire, urges reducing dependence on Washington

**Rome April 9**

Italian Prime Minister Giorgia Meloni on Thursday condemned any violation of the ceasefire between the United States and Iran, and denied being "subservient" to U.S. President Donald Trump.

In an address to parliament, Meloni praised Pakistan's efforts in supporting the difficult negotiations between the two sides and expressed the hope that peace talks would begin soon. She emphasized that Italy condemns any breach of the ceasefire.

Meloni rejected the claims of being "subservience" to Trump, clarifying that Rome does not fully endorse Washington's actions. She has previously criticized U.S.-led strikes on Iran as part of a "dangerous" pattern of interventions outside international law, and opposed U.S. use of its military base in Sicily for operations targeting Iran.

"It is undeniable that we are experiencing a particularly difficult moment in the relations between Europe and the United States," she said, adding that Italy, together with the European Union, is committed to building a defense capability that does not depend on the United States.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းနှင့် ဂျာမနီနိုင်ငံတို့ ပေါင်းစပ်ထုတ်လုပ်သည့် Linza တိုက်ပွဲဝင်ဒရုန်းများကို ယူကရိန်းတပ်မတော်သို့ ပေးအပ်



ယူကရိန်းနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းတည်ထောင်ထားသည့် Quantum Frontline Industries (QFI) ပေါင်းစပ်ထုတ်လုပ်သည့် အထူးထုတ်ကုန်ဖြစ်သော Linza တိုက်ပွဲဝင်ဒရုန်း (Tactical Drones) များကို ယူကရိန်းတပ်မတော်သို့ ပေးအပ်နေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဧပြီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဒရုန်းများ ပေးအပ်ခြင်းသည် ပထမအသုတ်ထုတ်လုပ်မှု အောင်မြင်စွာ ပြီးဆုံးသွားပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ပြီး ကုမ္ပဏီအနေဖြင့် တစ်နှစ်လျှင် ဒရုန်းအစီးရေ ၁၀၀၀၀ ကျော်ထိ ထုတ်လုပ်ရန်ရည်မှန်းထားသည်။ စစ်မြေပြင်တွင် အသုံးပြုလိုသည့်လိုအပ်ချက်မြင့်မားလာသည်နှင့်အမျှ QFI ကုမ္ပဏီသည် ယခုနှစ်အတွင်း ထုတ်လုပ်မှုနှင့် ပေးပို့မှုနှုန်းကို ပိုမိုတိုးမြှင့်သွားရန် မျှော်လင့်ရသည်။ သို့သော်လည်း စစ်ဆင်ရေးဆိုင်ရာ လုံခြုံရေးအရ အမှာစာအသေးစိတ်နှင့် ပေးပို့မည့် အချိန်ဇယားများကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ယူကရိန်း၏ Frontline Robotics ကုမ္ပဏီနှင့် ဂျာမနီ၏ Quantum Systems ကုမ္ပဏီတို့သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် QFI ဖက်စပ်ကုမ္ပဏီကို တည်ထောင်ခဲ့ပြီး တစ်နှစ်မပြည့်မီအချိန်အတွင်း ယခုကဲ့သို့ ဒရုန်းများ စတင်ပေးအပ်နိုင်သည့် သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမိတ်ဖက်များ၏ အကူအညီဖြင့် တိုက်ပွဲဝင်စစ်လက်နက်ပစ္စည်းများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန်ရည်ရွယ်သည့် ယူကရိန်းအစိုးရ၏ "Build with Ukraine" စီမံကိန်းအောက်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကုမ္ပဏီ၏ အဓိကတပ်ဆင်ထုတ်လုပ်မှု လုပ်ငန်းများကို ဂျာမနီနိုင်ငံ၊ ဘာဗေးရီးယား (Bavaria) ပြည်နယ်တွင် အခြေစိုက်လုပ်ဆောင်နေသည်။ "ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ယူကရိန်းတပ်ဖွဲ့ဝင်တွေအတွက် လိုအပ်နေတဲ့ တိုက်ပွဲဝင်ဒရုန်း (UAV) တွေကို အပြည့်အဝပံ့ပိုးပေးနိုင်ဖို့ပါပဲ" ဟု Frontline Robotics ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အရာရှိချုပ် Mykyta Rozhkov က ပြောကြားခဲ့သည်။

QFI ကုမ္ပဏီထုတ် Linza ဒရုန်းသည် ၁၀ လက်မ (၂၅ စင်တီမီတာ) အရွယ်အစားရှိပြီး အလေးချိန် ၂ ကီလိုဂရမ် (၄ ပေါင်) ထိ သယ်ဆောင်နိုင်သည့်အပြင် အီလက်ထရွန်နစ်စစ်ဆင်ရေး (Electronic Warfare) ဆောင်ရွက်နိုင်စွမ်းလည်းရှိသည်။ ၎င်း၏ အဓိကစွမ်းဆောင်ရည်များမှာ တည်ငြိမ်မှုရှိသော ကင်မရာ (Stabilized Camera) နှင့် အပူလှိုင်းဖမ်းယူနိုင်သော ကိရိယာ (Thermal Imager) တို့ ပါဝင်သည်။ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အော်ပရေတာများနှင့် မီတာ ၁၀၀(၃၂၈ ပေ)အကွာအဝေးထိ ဆက်သွယ်ထိန်းချုပ်နိုင်သည့် ဆက်သွယ်ရေးမော်ဂျူး ပါဝင်သည်။ တစ်စက္ကန့်လျှင် ၁၅ မီတာ (၅၂ ပေ) ထိ ပျံသန်းနိုင်ပြီး ၁၀ ကီလိုမီတာ (၆ မိုင်) အကွာအဝေးထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

Linza ဒရုန်းနှင့်အတူ QFI ၏ မြေပြင်ထိန်းချုပ်ရေးစခန်း (Ground Control Station)ကိုလည်း ပေးအပ်မည်ဖြစ်သည်။ ၎င်းတွင် ၈ မီတာ (၂၆ ပေ) မြင့်သော အင်တင်နာတိုင် (Mast)၊ ထိန်းချုပ်ရေးတက်ဘလက် (Control Tablet)၊ အပိုပစ္စည်းများအပြင် အဝေးထိန်းစနစ်နှင့် ဘက်ထရီအားသွင်းရန်အတွက် သီးသန့်စနစ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**Ukraine Receives First Linza Tactical Drones From Quantum Frontline** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးနိုင်ငံက ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် Arrow စနစ်ဒုံးခွင်းဒုံးထုတ်လုပ်မှုကို အရှိန်မြှင့်တင်ရန်ကြေညာ



အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံ၏လက်ရှိလုံခြုံရေးအခြေအနေအရ အလွန်အရေးပါသော တာဝေးပစ် ဒုံးကျည်ကာကွယ်ရေးကဏ္ဍကို အားဖြည့်ရန်အတွက် Arrow စနစ် ဒုံးခွင်းဒုံး (Interceptors) များ ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ရန် ကြေညာခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဆုံးဖြတ်ချက်သည် ဝယ်ယူရေးဆိုင်ရာ ဝန်ကြီးအဖွဲ့ကော်မတီ၏ အတည်ပြုချက်ဖြင့် ထွက်ပေါ်လာခြင်းဖြစ်ပြီး ဒုံးခွင်းဒုံးများကို ပိုမိုမြန်ဆန်စွာ ထုတ်လုပ်နိုင်ရန်နှင့် အရန်လက်နက်အင်အား (Reserves) ကို အမြောက်အမြားစုဆောင်းထားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

Arrow စနစ်သည် တာဝေးပစ်ပဲ့ထိန်းဒုံးကျည် (Long-range ballistic missile) ခြိမ်းခြောက်မှုများကို ကာကွယ်ရာတွင် အစ္စရေး၏ အဓိကမဏ္ဍိုင်ဖြစ်သောကြောင့် ဤကြေညာချက်သည် မဟာဗျူဟာမြောက်အရေးပါလှသည်။ ထို့ပြင် ယနေ့ခေတ် ဒုံးကျည်ကာကွယ်ရေးဆိုသည်မှာ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်တစ်ခုတည်းအပေါ်တွင်သာ မူတည်တော့သည်မဟုတ်ဘဲ၊ စက်မှုထုတ်လုပ်မှု အရှိန်အဟုန်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စွမ်းနှင့် လုံလောက်သော လက်နက်အင်အားကို သိုလှောင်ထားနိုင်စွမ်းတို့အပေါ်တွင်လည်း အဓိကမူတည်နေကြောင်း ဤဖြစ်စဉ်က မီးမောင်းထိုးပြနေသည်။

Arrow စနစ်သည် အစ္စရေး၏ အဆင့်ဆင့်သော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကွန်ရက် (Multi-tiered Defense Architecture) တွင် အမြင့်ဆုံးအလွှာ (Upper Layer) ဖြစ်သည်။ ဒရုန်းများ၊ ဒုံးကျည်များနှင့် အနိမ့်ပျံလေယာဉ်များကို ပစ်ချရန် ဒီဇိုင်းထုတ်ထားသည့် တာတိုပစ် ကာကွယ်ရေးစနစ်များနှင့်မတူဘဲ Arrow စနစ်သည် အလွန်မြန်သော အရှိန်နှင့် မတ်စောက်သော လမ်းကြောင်းအတိုင်း ပျံသန်းလာသည့် တာဝေးပစ်ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်သည် ပဲ့ထိန်းဒုံးကျည်များကို ကမ္ဘာ့လေထုအပြင်ဘက် (Exo-atmospheric) နှင့် လေထုအထက်ပိုင်းလွှာ (Upper-atmospheric) များတွင် ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ဆိုလိုသည်မှာ ရန်သူ့ဒုံးကျည်များကို ကမ္ဘာ့လေထုအတွင်းသို့ မဝင်ရောက်မီ သို့မဟုတ် အမြင့်ဆုံးအလွှာများ၌ပင် ဖျက်ဆီးပစ်နိုင်ခြင်းဖြစ်သည်။ ဤစွမ်းဆောင်ရည်သည် အစ္စရေးကို စစ်မြေပြင် သို့မဟုတ် ပစ်မှတ်တစ်ခုတည်းကို ကာကွယ်ခြင်းထက် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်ခြင်းပင်ဖြစ်သည်။

Arrow စနစ်ဒုံးခွင်းဒုံးသည် သာမန်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်တစ်ခုမျှသာ မဟုတ်ဘဲ ခေတ်သစ်စစ်ပွဲများ၏ အခက်ခဲဆုံးသော စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် တည်ဆောက်ထားသည့် လက်နက်တစ်ခုဖြစ်သည်။ ပဲ့ထိန်းဒုံးကျည်များသည် အလွန်မြန်သောအရှိန်ဖြင့် အဝေးမှပစ်ခတ်လာခြင်းဖြစ်သောကြောင့် ၎င်းတို့ကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ဖျက်ဆီးခြင်းတို့ပြုလုပ်ရန် အချိန်အလွန်နည်းပါးလှသည်။ Arrow စနစ်သည် ဒုံးခွင်းဒုံးများကို ရေဒါများ၊ တိုက်ပွဲစီမံခန့်ခွဲမှုစနစ်များနှင့် ကွပ်ကဲမှုစနစ်များဖြင့် ပေါင်းစပ်ထားကာ မိနစ်ပိုင်းမျှသာ ကြာမြင့်သည့်တိုက်ခိုက်မှုအခွင့်အလမ်းအတွင်း ရန်သူ့ခြိမ်းခြောက်မှုကို လျင်မြန်စွာ တွက်ချက်တုံ့ပြန်နိုင်စွမ်းရှိသည်။

စစ်ဆင်ရေးအရ ကြည့်လျှင် Arrow စနစ်သည် တာတိုပစ်ဒုံးကျည်များကို ကာကွယ်သည့် Iron Dome နှင့် အလယ်အလတ်အဆင့်ကို ကာကွယ်သည့် David's Sling တို့နှင့်မတူဘဲ အမြင့်ဆုံးနှင့် မဟာဗျူဟာမြောက် အရေးပါဆုံးသော ဒုံးကျည်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ရန် သီးသန့်အမျိုးအစားခွဲခြားထားခြင်းဖြစ်ကြောင်း သိရသည်။

**Israel Accelerates Arrow Interceptor Production to Counter Growing Ballistic Missile Threats** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**မော်လိုက် ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၇၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကြံခင်း ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကြံခင်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း သီဟိုဠ်စေ့ ပိဿာချိန်၄၀၀၀၀သာတင်ပို့ရောင်းချခဲ့ရပြီး မတ်လအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကြံခင်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအား တက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေက လက်ကျန်သီဟိုဠ်စေ့တွေပါ။ ဒေသထွက် သီဟိုဠ်စေ့တွေကို ကြံခင်းမြို့နယ်ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်"ဟု ကြံခင်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြသည်။



ကြံခင်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဒေသထွက်သီဟိုဠ်စေ့များကို ပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ သီဟိုဠ်စေ့များ အရောင်းအဝယ်ကောင်းမွန်မှုကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဧပြီ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ဟဲယာရွာမကျေးရွာအုပ်စု ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဧပြီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၆ ဒသမ ၆၅ သန်း ဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ/မရှိစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းပဲကျေးရွာ၌ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# မင်းလှမြို့နယ် သဲကောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**မင်းလှ ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဲကောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက် ရှင်းလင်းပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဲကောကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

**အေးမြတ်**





တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။

**ရှေ့ဖုံးမှအဆက်**

တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ကိုးဦးတို့၏အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးအောင်ဇော်သိန်း၊ဦးညဏ်ထွန်း၊ဦးမျိုးတင့်၊ ဦးကျော်ဆန်း၊ဦးတူးမော်၊ဒေါ်စုစုဝင်း၊ဒေါ်ဥမ္မာအေး၊ ဦးတင့်ဝေနှင့် ဒေါက်တာမာလာမော်တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ၃၀ ၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးခင်မောင်ရီ၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်အောင်စန်း၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာသီတာဦး၊ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးရဲမြင့်ထွန်း၊ ဒေါက်တာမောင်သင်း၊ဦးမျိုးသန့်၊ဒေါက်တာစိုးဝင်းနှင့် ဦးမောင်မြင့်တို့ကို ပြန်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ်လည်းကောင်းခန့်အပ်တာဝန်ပေးအပ်ရန်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရှစ်ဦးတို့၏ အမည်စာရင်းများကိုလွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်နှင့် ဒေါ်သင်းသင်းချိုတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်းပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာခင်နိုင်ဦး၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါက်တာစန္ဒာဦး၊ ဒေါက်တာရီအေး၊ ဦးတင်မြင့်၊ ဒေါက်တာလှညွန့်၊ ဒေါက်တာဇော်ဦးနှင့် ဒေါက်တာဖြူဖြူအိတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦးတို့ကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်းပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးစိုးသိန်း၊ ဦးကျော်ဝင်းသိန်း၊ ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ဒေါက်တာထွန်းထွန်းဦး၊ ဦးလွန်းဘော်၊ ဦးကျော်စိုးညွန့်၊ ဦးတိုးရီ၊ ဦးတင်အောင်ဝင်းနှင့် ဦးမင်းဟန်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို ဧပြီ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် သဃ်နိးကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး ခေါ် တက္ကသိုလ်မေသူ၊ ဆိတ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ စိုင်းဝန်းဆမ်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါ်နန်းကျင်း ခေါ် နန်းစိန်၊ ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ဇင်ပပဦး၊ ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခိုင်ဝင်းအောင်၊ ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ကျိန်ငိုက်မန်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမြိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေတို့ဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို ဧပြီ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၊ အဖွဲ့ဝင်များအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ ကရင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်ဝေ၊ ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်မြင့်၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ခွန်ဝင်းဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဖြိုးမင်းဝင်းတို့ဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ကို ဧပြီ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **နှိုးဆော်ချက်မှအဆက်**

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကိုချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှုလျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာ(Exchange of Letters)လဲလှယ်သည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့်ပဲစင်းငုံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာ (Exchange of Letters) လဲလှယ်သည့်အခမ်းအနားကို ယနေ့ညပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Kirit Vardhan Singh တို့က အမှာစကားပြောကြားကြသည်။




ထို့နောက်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်သွင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Sh. Abhay Thakur တို့က မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာကို လဲလှယ်ကြသည်။

မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ အစားအသောက်နှင့် ဖြန့်ဖြူးရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ ငါးနှစ်သက်တမ်းတိုးမြှင့်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်း နှစ်စဉ်တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၊ ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်တင်ပို့မှုများအတွက် ယုံကြည်စိတ်ချရမှုကို မြှင့်တက်စေမည်ဖြစ်သည်။

ထို့ပြင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ရှိထားပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှု၊အပြန်အလှန်နားလည်ယုံကြည်မှုတို့ပိုမိုခိုင်မာလာစေသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းစသစ်များကိုဖော်ဆောင်ပေးနိုင်သောဆွေးနွေးမှုများနှင့် ကောင်းမွန်သောရလဒ်များရရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဘက်မှ ပြည်ပရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိန္ဒိယယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ၏ ၇၇ နှစ်မြောက် တည်ထောင်သည့်နေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဧပြီ ၉**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ကြီးမှူးကျင်းပသည့် အိန္ဒိယယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ၏ ၇၇ နှစ်မြောက် တည်ထောင်သည့်နေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစင်တာ၌ ကျင်းပသည်။

ဦးစွာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Shri Kirti Vardhan Singh၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ဆီမီးများထွန်းညှိပူဇော်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌတို့က ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့ကို ပဝါများလွှမ်းခြုံပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွာမိဝိဝေကာနန္ဒယဉ်ကျေးမှုစင်တာ(SVCC) ဆရာ၊ ဆရာမများနှင့် ကျောင်းသားတို့က အိန္ဒိယရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဆွာမိဝိဝေကာနန္ဒယဉ်ကျေးမှုစင်တာ(SVCC)မှ ဒါရိုက်တာက ကျေးဇူးတင်စကားပြောကြားသည်။




အိန္ဒိယယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ(ICCR)ကို ၁၉၅၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်စဉ် ဧပြီ ၉ ရက်တွင် အိန္ဒိယယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ(ICCR)ကို တည်ထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလေ့ရှိသည်။

အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ(ICCR)ကို အိန္ဒိယနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုများခိုင်မာစေရန်၊ ကမ္ဘာတစ်ဝန်းတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများကိုမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ်သည် ICCR ၏ ၇၇ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သည့်ရောဂါများ အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ပြင်ဆင်ထားရှိ



**မန္တလေး ဧပြီ ၉**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သည့်ရောဂါများကို အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အဆင်သင့်ပြင်ဆင်မှုများဆောင်ရွက်ထားရှိကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးထံမှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ညွှန်ကြားမှုများနှင့်အတူ အပူဒဏ်ကြောင့် ရောဂါဝေဒနာခံစားခဲ့ရသည့် လူနာများရောက်ရှိလာပါက လူနာ၏အချက်အလက်မှန်ကန်ရေးနှင့် ကုသမှုအဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

“အပူဒဏ်ခံစားခဲ့ရတဲ့ လူနာတွေရောက်ရှိလာရင် အရေးပေါ်ကုသမှုပေးနိုင်ဖို့ အရေးပေါ်ဌာနမှာလိုအပ်တဲ့ ဆေးနဲ့ဆေးပစ္စည်း၊ ရေခဲ၊ တဘက် ပြည့်စုံလုံလောက်မှုရှိအောင် ဆောင်ရွက်ထားပါတယ်။ အရေးပေါ်ကုသမှုပြီးရင် Medical Observation မှာ အဲကွန်းတပ်ဆင်ထားတဲ့ Heat Stroke Corner သီးသန့်ခန်းမှာ ခုတင်နဲ့ လိုအပ်တဲ့ဆေးပစ္စည်းတွေပြည့်စုံအောင် စုစည်းထားပါတယ်။ Heat Stroke Corner မှာ လူနာတွေ သက်သာလာပြီဆိုရင် ဖျားနာကုသဆောင်မှာ ဆေးကုသမှုတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ပြည့်စုံလုံလောက်မှုရှိအောင်လဲ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားပါတယ်” ဟု ဒေါက်တာ ဆန်းလွင်ဦးက ပြောသည်။

ထို့ပြင် လူနာများကို စနစ်တကျကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးရုံအုပ်ကြီး ဦးဆောင်၍ သက်ဆိုင်ရာပါမောက္ခ၊ ဌာနကြီးမှူးများ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ လိုအပ်ချက်များကို ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

“အခုကက အပူဒဏ်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးနိုင်ဖို့ဆောင်ရွက်ပါတယ်။ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ ဖြစ်ပွားလာရင် သေဆုံးမှုနည်းအောင် ကုသမှုကိုစနစ်တကျဆောင်ရွက်ပါတယ်။ လက်တလောတော့ အပူဒဏ်ကြောင့် ရောဂါခံစားရပြီး ရောက်ရှိလာတဲ့ လူနာတစ်ဦးပဲရှိပါတယ်။ ဖျားနာကုသဆောင်မှာ ကုသမှုတွေဆောင်ရွက်ပေးနေပါတယ်”ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီးက ပြောသည်။

အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသည့် ရောဂါများသည် ပူပြင်းကာလများဖြစ်သည့် ဧပြီ၊ မေလတို့တွင် အများဆုံးဖြစ်ပွားတတ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန်အချက်များကို လိုက်နာကြရန်နှင့် ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာဆေးရုံများရှိ အရေးပေါ်ဌာနသို့ အချိန်မီလာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှိုင်းဂူထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်
မစ္စတာ မင်းအောင်လှိုင်
သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ အရည်အချင်းပြည့်ဝလှသည့် ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စည်းလုံးမှုအားကောင်း၍ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးမြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် မိမိတို့အကြား တွေ့ဆုံဆွေးနွေးမှုများကို ကောင်းစွာအမှတ်ရလျက်ရှိပြီး အဆွေတော်နှင့် ပုဂ္ဂိုလ်ရေး ထိတွေ့ဆက်ဆံခွင့်ရရှိသည့်အတွက် စိတ်ရင်းဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်၍ တိုးတက်ကောင်းမွန်လာစေရန်အတွက် ခိုင်မာသော အုတ်မြစ်တစ်ခုဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ခိုင်မာသောဆက်ဆံရေးသည် ကာလရှည်ကြာတည်တံ့ခဲ့ပြီး နက်ရှိုင်းသော အနာဂတ်ကိုလည်း ပိုင်ဆိုင်ထားပါသည်။

အဆွေတော်အား ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆာဂေး ရှိုင်းဂူ
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်

အဆွေတော်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်ကို ဦးဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်ဝတ္တရား အဝဝကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကိုလည်း ပြည့်ဝစွာဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ သာယာဝပြောရေးကို ရှေးရှုသည့် မဟာဗျူဟာမြောက် စီမံကိန်းများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း စိတ်ရင်းစေတနာအပြည့်ဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုအခါသမယတွင် ရုရှား-မြန်မာဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန်အတွက် တာတာစတန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် အလေးအနက် စိတ်အားထက်သန်လျက်ရှိပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားအပ်ပါသည်။

လေးစားစွာဖြင့်

ရုစတမ် မီနီခါနော့ဗ်
တာတာစတန်ပြည်နယ်အကြီးအကဲ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်

ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်
သမ္မတကြီးခင်ဗျား၊

သမ္မတကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန် ကျွန်တော့်အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်အတွက် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါသမယတွင် သမ္မတကြီးအား ရွေးကောက်တင်မြှောက်လိုက်ခြင်းသည် သမ္မတကြီး၏ ဦးဆောင်မှုအပေါ် ယုံကြည်အလေးထားမှုကို ထင်ဟပ်စေပါသည်။ သမ္မတကြီး၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသည် ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကျွန်တော် အခိုင်အမာ ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းရရှိစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ကျွန်တော်၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။

သမ္မတကြီးအား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ယခုလို အရေးကြီးသော တာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

လေးစားမှုဖြင့်

ကိုကိုလတ်
မြန်မာနိုင်ငံဆိုင်ရာ
အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် အသင်း၊ အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၉

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအသင်း(နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါကြောင်း၊ ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှ ကင်းဝေးပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။

(၅၀၁)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီး သုံးပါးမှ ကင်းဝေးပါစေ၊ တရားထူး တရားမြတ်ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်
လွှတ်တော်ကိုယ်စားလှယ်များ

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်

နိုင်ငံတော် သမ္မတရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများအရ ရွေးချယ်ခန့်အပ်ခံရသော နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ (၂) နန်းနီနီအေးတို့အား နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာတင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အသင်းအနေဖြင့် သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ရေး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတွင် အသင်းအနေဖြင့် အစိုးရနှင့်ပူးပေါင်းကာ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်မည့် အစိုးရအဖွဲ့အသစ်အား ကျန်းမာ၊ ချမ်းသာပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် အောင်မြင်စွာ ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း
နေပြည်တော်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်
ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်
လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ

# ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်

အဆွေတော် ဦးညိုစော
ဒုတိယသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံကိုယ်စားနှင့် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အခွင့်ကြုံခိုက် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် အပြန်အလှန် ဖေးမမှုတို့ကို အခြေခံပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းစေသည့် မြန်မာ-ဘယ်လာရုစ် ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်သွားရန် ကတိကဝတ်ကို မိမိအနေဖြင့် ထပ်လောင်းအတည်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ အဆင့်မြင့်တွေ့ဆုံမှုများတွင် ရရှိခဲ့သည့် သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် သဘောတူလက်ခံခဲ့သည့် ဒုတိယအကြိမ်မြောက် ဘယ်လာရုစ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဦးစားပေးကိစ္စရပ်များအဖြစ် အကောင်အထည်ဖော်သွားရန် ဖြစ်ပါသည်။

နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဘယ်လာရုစ်နှင့် မြန်မာအစိုးရများအကြား ထိတွေ့မှုများ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလက်ဇန္ဒား တာချင်း

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ



**မြစ်ကြီးနား မေ ၉**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အစည်းအဝေး ပဥ္စမနေ့တွင် အဆိုပြုလာသည့် ဒေါ်အေးအေးမော်ကို ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အစည်းအဝေး ပဥ္စမနေ့တွင် အဆိုပြုတင်သွင်းလာသည့် ဝန်ကြီးဌာနခုနစ်ခု၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးကျော်သူရ၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချန်တန်ခင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာအောင်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေတို့ကို ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့အတူ ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းလာသည့် ကချင်ပြည်နယ် ဥပဒေချုပ်အဖြစ် ဒေါ်နန်းလုလုအေး၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်တို့ကို ခန့်အပ်တာဝန်ပေးနိုင်ရန်နှင့် ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် အဆိုပြုတင်သွင်းထားသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့ကို ခန့်အပ်တာဝန်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာကော်မတီများ ဖွဲ့စည်းနိုင်ရေး ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းနိုင်ရေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာကော်မတီများကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းနိုင်ရေး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး အကြံပြုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပြီး တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**မုံရွာ မေ ၉**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးဌာန ခုနစ်ခုတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် စုစုပေါင်း တိုင်းဒေသကြီးဝန်ကြီး ခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးက ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆောင်ရွက်မည့် ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးစိန်ဖေနှင့် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးငွန်ဘွလ်ထန်တို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူက ပေးပို့လာသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်မြေ (၂) အပါအဝင် အလုပ်အမှုဆောင် ကော်မတီဝင် ငါးဦး ဖွဲ့စည်းထားရှိမှုကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူ အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး စုစုပေါင်း ကိုးဦးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက လွှတ်တော်ရုံး အကြီးအမှူးထံ တင်ပြရန် ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားသည်။



ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး စုစုပေါင်း ၁၉ ဦးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးအကြီးအမှူးထံ တင်ပြရန် ကြေညာသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေးသတ္တမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ



**တောင်ကြီး မေ ၉**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုးက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကိန်မိုင် ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါ်အေးချိုစိန် ကယန်း ခေါ် ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါ်ခင်ထွေးအောင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဦးဝီလ်ဆင်မိုး လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါ်ငွေလှိုင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဦးထွန်းအောင် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါ်တင်တင်ရီ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်ပါ အဖွဲ့ဝင် ငါးဦး၏ အမည်စာရင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းပါ အဖွဲ့ဝင် ငါးဦး၏ အမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သတင်းရရှိသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## တတိယအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ




**ပုသိမ် ဧပြီ ၉**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အစည်းအဝေးတွင် ရေးရာကော်မတီ ခြောက်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ကော်မတီ တစ်ရပ်ချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များကို လွှတ်တော်က သဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါအတိုင်း ရေးရာကော်မတီ ခြောက်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာသည်။

ထို့နောက် ဖွဲ့စည်းအတည်ပြုပြီးသော ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့တွင် သက်ဆိုင်ရာကော်မတီအလိုက် လစ်လပ်လျက်ရှိသည့် ကော်မတီအဖွဲ့ဝင် နှစ်နေရာနှင့် အတွင်းရေးမှူး တစ်နေရာတို့၏ အမည်စာရင်းများကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာခဲ့ရာ လွှတ်တော်က သဘောတူသဖြင့် လျာထားချက်ပါအတိုင်း အစားထိုးဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာခဲ့ပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**ရန်ကုန် ဧပြီ ၉**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်၏ သက်ဆိုင်ရာကော်မတီအသီးသီးတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြ၍ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ချက်တို့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရေးရာကော်မတီ ၁၀ ရပ် ဖွဲ့စည်းခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့ကြသည်။

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**မော်လမြိုင် ဧပြီ ၉**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ် တာဝန်ပေးအပ်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေညာပြီး ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။




ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မင်းအောင်ထူးက လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပြီး အဋ္ဌမနေ့ အစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စည်သူ(ပြန်/ဆက်)**

## တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ




**စစ်တွေ ဧပြီ ၉**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦးက ရခိုင်ပြည်နယ်လွှတ်တော်၌ ဖွဲ့စည်းရန်လျာထားသည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတို့တွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက အဆိုပါကော်မတီများတွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းကို ဧပြီ ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဧပြီ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ၉-၄-၂၀၂၆ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၄ ~ ၃၆၆၈ | ၅၅၈.၂ ~ ၅၅၈.၄ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၁၇,၆၁၆.၀၉ | ၂၈,၄၀၈,၀၈၂.၃၈ | ၃၆,၀၈၆,၃၃၀.၀၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | ၂,၃၉၅,၀၄၀.၀၁ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ပိုးသတ်ဆေး၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စက်သုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ တစ်သန်းကိုလည်းကောင်း၊ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်က စားသောက်ကုန်ကဏ္ဍ၊ လယ်ယာသုံးပစ္စည်းကဏ္ဍနှင့် စက်မှုကုန်ကြမ်းကဏ္ဍတို့သို့ ထိုင်းဘတ် ၂ ဒသမ ၄၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။



## တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



ဟားခါး မေ ၉

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ဌာနတွင် ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုသည့် ဝန်ကြီးများနှင့်စပ်လျဉ်း၍ ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်အုပ်မန်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇမ်းရှင်းဒါလ်၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝမ်းလျန်းထန်၊ မင်းတပ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးထန်ရှင်းထောင်းတို့က ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုထားသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလျန်ဇခုပ်၊ လူမှုရေးရာဝန်ကြီးဌာနဝန်ကြီး ဦးစိန်ထွန်းလှ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးနေလင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးပေါင်ဇလန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဇော်ဦး၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်ဌေးတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြကာ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

## တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



ထားဝယ် မေ ၉

တတိယအကြိမ်တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦး ရှိသည့်အနက် ၂၈ ဦးလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးစတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော်ပြည်သူများ၏ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ရေးရာကော်မတီ၊ တိုင်းဒေသကြီး လွှတ်တော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီနှင့်အဖွဲ့၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

ထို့နောက် တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၇၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၀ ရက်မှ ၁၆ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၇၃၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် မေ ၉ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

၉- ၄ -၂၀၂၆

| | | | | |
|---|---|---|---|---|
| ဇလွန် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇေခ်ာင်းတူ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဧပြီ ၉**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေ မန္တလာအားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပုသိမ်ကြီးမြို့နယ်အသင်းနှင့် မိတ္ထီလာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးကြပြီး မိတ္ထီလာမြို့နယ်အသင်းက ပုသိမ်ကြီး မြို့နယ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်း အနားကိုကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသ ကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမား အကောင်းဆုံးဆုရအားကစား သမားများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ တတိယဆုရရှိသည့် သာစည် မြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ ဒုတိယဆု ရရှိသည့် ပုသိမ်ကြီးမြို့နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြု ဆုငွေများ၊ ပထမဆုရရှိသည့် မိတ္ထီလာ မြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ် များ အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က ပထမဆုရရှိသည့် မိတ္ထီလာမြို့နယ် အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၉**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့် ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေး အဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံ တိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင် ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခရမ်းကျောင်း တိုက်၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၂၂ ပါးတို့ကို ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက် ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက် ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင် ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ နှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သတင်းရရှိသည်။

(ဉာဏ)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောအခြေခံ၊ အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်း သင်တန်းဆင်းပွဲများ ပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး မြန်မာ့သိုင်း သင်တန်းသားများ၏ မြန်မာ့သိုင်းကွက်များ၊ သရုပ်ဖော်ပြသမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၉**

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တပ်မတော်သားမိသားစုဝင် သားသမီး များ နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချတတ် စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထား တတ်စေရန်နှင့် ယဉ်ကျေးလိမ္မာသည့် သားကောင်း၊ သမီးကောင်းများအဖြစ် သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ အတွက် အကျိုးပြုနိုင်ပြီး ဘာသာ သာသနာကို အရှည်တည်တံ့တိုးတက် ခိုင်မြဲအောင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချ ဘာသာရပ်များနှင့် အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ၊အဆင့်မြင့် သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း နှင့် မြန်မာ့သိုင်းအခြေခံသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်း ဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်း နည်းပြဆရာ၊ ဆရာမများကို အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူး နှင့် တာဝန်ရှိသူများက တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးစကား ပြောကြားပြီး မြန်မာ့သိုင်းသင်တန်းသားများ၏ မြန်မာ့ သိုင်းကွက်များ သရုပ်ဖော်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ အဆိုပါသင်တန်းများကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များတွင်လည်း သင်တန်း ဆင်းပွဲများပြုလုပ်ခဲ့ကြကြောင်း သတင်း ရရှိသည်။

(ဉာဏ)

# ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီ ၁၈ ရက် (စနေနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

# အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန် မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်း အကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလ လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ် ထားမည်ဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် လမ်း လွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ(၇၉ နှစ်၊ ၅၉ ဝါ)မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၂၆ ) (ကြာသပတေးနေ့)၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်တွင် ဇေယျာသီရိမြို့နယ်၊ အမှတ်(၂) တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀) ၌ ၉၆ ပါးသော ရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ်မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိမဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ခမည်းတော် ဦးပေါ်အေး - မယ်တော်ဒေါ်ဖွားရှင်တို့က ၁၃၀၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မဟာထေရ်အား ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ကျောင်းတိုက် ခဏ္ဍသိမ်၌ သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်အား ဥပဇ္ဈာယ်ပြုတော်မူလျက် တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်နေ ရဟန်းဒါယကာ ဦးလှဝင်း - ရဟန်းဒါယိကာမ ဒေါ်လှဝင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ၊ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝတ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တ နာယကာဘိဝံသ အစရှိသော မစိုးရိမ်နာယက ဆရာတော်များ၊ မစိုးရိမ်တိုက်ကြီးမှ စာချနာယက ဆရာတော်များ၊ မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော် အစရှိသော ဆရာတော်များထံ၌ စာပေသင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ဒုတိယအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ် မြို့နယ်သံဃနာယက အကျိုးဆောင်၊ စတုတ္ထအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဉ္စမအကြိမ် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အဖြစ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များ၊ နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်တည်ထားရာ၌ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သတ္တသတ္တာဟ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပျဉ်းမနားမြို့၊ သမိုင်းဝင်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးနှင့် ဘုရားကိုးဆူစေတီတော်မြတ်ကြီးတို့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော် ပျဉ်းမနားမြို့၌ ဓမ္မာစရိယ စာဖြေဌာနနှင့် နိကာယ်စာဖြေဌာနများ ဖြစ်ပေါ်လာအောင် တာဝန်ယူဆောင်ရွက်တော်မူခဲ့ပြီး စာမေးပွဲဆိုင်ရာကိစ္စများ၌ နိကာယ် စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် ယဉ်ကျေးမှုစာမေးပွဲများ၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးဆိုင်ရာတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညုမဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၂၆) ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**(သတင်းစဉ်)**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများကို သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

နေပြည်တော် ဧပြီ ၉

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းကို အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရေတို၊ ရေရှည်အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၁၆၊ ၁၈၊ ၂၀)တို့သို့ သွားရောက်ကြည့်ရှုအားပေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရေနံတွင်းများမှ အလွှာလိုက်ဖြစ်နေသော သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောများကို သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူခဲ့ရာ လေဆီနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများအသုံးပြုပြီး လုပ်ဆောင်ကြရန် လိုပါကြောင်း၊ ကုန်းတွင်းရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင် (တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၁၈)မှ သဲကြောများကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၆ သန်းနှင့် လေဆီ ရှစ်စည်ကိုလည်းကောင်း၊ တွင်းအမှတ် ၂၀ ကို မတ် ၁၅ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ငါးသန်းနှင့် လေဆီ ခုနစ်စည်ကိုလည်းကောင်း၊ တွင်းအမှတ်(၁၆)ကို ဧပြီ ၃ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၆ သန်းနှင့် လေဆီရှစ်စည်ကိုလည်းကောင်း တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာဝန်ထမ်းများကို ကျေးဇူးတင်ဂုဏ်ပြုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူရရှိနေသည့် ကုန်းတွင်းရေနံမြေများအနက် မအူပင်(တောင်)ဒေသမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များသည် $C_3$ (ပရိုပိန်း)၊ $C_4$ (ဗျူတိန်း) ပါဝင်မှုများပြားရာ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG)နှင့် Naphtha ဓာတ်ဆီတို့ကို ပထမအဆင့်အနေဖြင့် ထုတ်ယူနိုင်ပါကြောင်း၊ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG)နှင့် Naphtha ဓာတ်ဆီ ထုတ်ယူထားပြီးသော ဓာတ်ငွေ့များကို ဒုတိယအဆင့်အနေဖြင့် ဓာတ်မြေဩဇာစက်ရုံများ၊ စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်တို့သို့ ဆက်လက်ဖြန့်ဖြူးပေးနိုင်သည့်အတွက် လွန်စွာတန်ဖိုးရှိသော သဘာဝဓာတ်ငွေ့ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လက်ရှိ တိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များသည် မြန်မာပြည်အောက်ပိုင်းဒေသရှိ သဘာဝဓာတ်ငွေ့သုံးစွဲမှုကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များကို ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ လတ်တလောဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းကို အထိုက်အလျောက် လျော့နည်းသက်သာစေမည်ဖြစ်ပြီး ကုန်းတွင်းရေနံမြေအသစ်ထပ်မံရှာဖွေမှုအနေဖြင့် ဆိုက်စမစ်တိုင်းတာမှုများ ဆောင်ရွက်လျက်ရှိပြီး အစမ်းတွင်းများ တူးဖော်နိုင်ရေးကိုလည်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖီဂျီနိုင်ငံတွင် Vaianu ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်ခရီးစဉ်များကို ယာယီဆိုင်းငံ့ထား



ဆူဗာ ဧပြီ ၉

ဖီဂျီနိုင်ငံတွင် Vaianu ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားကြောင်း ဖီဂျီအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Vaianu ဆိုင်ကလုန်းမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအမျိုးအစားဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ဖီဂျီနိုင်ငံသည် ရေပတ်လည်ဝန်းရံနေသည့် ကျွန်းနိုင်ငံဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းတိုင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိကြောင်း၊ Vaianu ဆိုင်ကလုန်းမုန်တိုင်းသည် ဩစတြေးလျနိုင်ငံကို ဖြတ်သန်းတိုက်ခတ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"Vaianu ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်နေပါတယ်။ ဩစတြေးလျနိုင်ငံဘက်ကနေ အစပျိုးလာတဲ့မုန်တိုင်းဖြစ်ပြီး မုန်တိုင်းအားကောင်းနေသလို မိုးသည်းထန်စွာ ရွာသွန်းမှုလဲ ဖြစ်ပေါ်နေပါတယ်။ လေပြင်းတိုက်ခတ်မှုနဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေကြောင်း ခရီးစဉ်တွေကိုလဲ ယာယီဆိုင်းငံ့ထားပါတယ်။ ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်တဲ့အတွက် အလည်အပတ်ခရီးစဉ် ရောက်ရှိနေတဲ့ နိုင်ငံခြားသားခရီးသည်တွေကိုလဲ သက်ဆိုင်ရာ သံရုံးတွေဆီ ကြိုတင်သတင်းပို့ထားဖို့အတွက်လဲ ညွှန်ကြားထားပါတယ်" ဟု ဖီဂျီအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဟာရစ်က ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# လာအိုနိုင်ငံတစ်ဝန်းတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်

ဗီယင်ကျန်း ဧပြီ ၉

လာအိုနိုင်ငံတစ်ဝန်းတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

လာအိုနိုင်ငံသည် ကျန်းမာရေးအန္တရာယ်ရှိသော လေထုညစ်ညမ်းမှုနှင့်ရင်ဆိုင်နေရပြီး လေထုထဲတွင် PM 2.5 ဆိုသော သေးငယ်သော အမှုန်အမွှားများ ပါဝင်မှုများကာ နိုင်ငံတစ်ဝန်းရှိ အမျိုးသားဘေးကင်းရေး စံနှုန်းများကို ကျော်လွန်နေကြောင်း သိရသည်။

လာအိုစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လာအိုမြို့တော် ဗီယင်ကျန်းတွင် PM 2.5 ပါဝင်မှုသည် တစ်ကုဗမီတာလျှင် ၁၉၆ မိုက်ခရိုဂရမ်ထိ ရောက်ရှိခဲ့ကြောင်း၊ အခြားပြည်နယ်များစွာတွင်လည်း တစ်ကုဗမီတာလျှင် မိုက်ခရိုဂရမ် ၁၀၀ ကျော် ရောက်ရှိနေကြောင်း၊ ဘေးကင်းရေးစံနှုန်းအဖြစ် PM 2.5 ပါဝင်မှုကို တစ်ကုဗမီတာလျှင် မိုက်ခရိုဂရမ် ၅၀ အဖြစ် သတ်မှတ်ထားသဖြင့် နိုင်ငံတွင်ဖြစ်ပေါ်နေသော လေထုအရည်အသွေးသည် သတ်မှတ်ထားသည်ထက် ကျော်လွန်နေကြောင်း သိရသည်။



ထို့ပြင် လာအိုစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဌာန၏ ထုတ်ပြန်ချက်အရ တစ်နိုင်ငံလုံးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာနေရာ ၁၃၀၆ ခုရှိသဖြင့် လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားနေကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ဒေသများမှာ အုဒွမ်ဆိုင်၊ လောင်ပရာဘန်၊ ဖေယာဘူရီနှင့် ဆာဗန်နခက် ပြည်နယ်တို့ဖြစ်သည်။

လေထုညစ်ညမ်းမှု အခြေအနေသည် ယခုဧပြီလအတွင်း ဆက်လက် မြင့်တက်နိုင်သည်ဟု ခန့်မှန်းထားသဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သည် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ပြည်သူ့ကျန်းမာရေး၊ ကာကွယ်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကင်ညာနိုင်ငံ ကောင်တီခုနစ်ခုတွင် မိုးခေါင်ရေရှားပါးမှုကြောင့် အစာရေစာချို့တဲ့နေသူ သန်းနှင့်ချီ၍ မြင့်တက်လာ

နိုင်ရိုဘီ ဧပြီ ၉

ကင်ညာနိုင်ငံရှိ ကောင်တီခုနစ်ခုတွင် မိုးခေါင်ရေရှားပါးမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်နေသကဲ့သို့ အစာရေစာချို့တဲ့နေသူ သန်းနှင့်ချီ၍ မြင့်တက်လာကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံ National Drought Management Authority (NDMA) ကလည်း မိုးခေါင်ရေရှားပါးမှုကိုလျှော့ချနိုင်ရေးအတွက် ဆောင်ရွက်နေသော်လည်း ဘဏ္ဍာရေးလိုအပ်ချက်များ ရှိနေသကဲ့သို့ စားနပ်ရိက္ခာ ပြတ်လပ်နေသည့် ပြည်သူများကို စားနပ်ရိက္ခာပံ့ပိုးရန်လည်းနိုင်ငံတကာ၏ အကူအညီလိုအပ်နေကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက သဘာဝဘေးဒဏ်ကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့်ပြည်သူများကို စားနပ်ရိက္ခာပံ့ပိုးပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် နိုင်ငံတကာကို အကူအညီ တောင်းခံထားသည်။

"ကောင်တီ ခုနစ်ခုမှာ သဘာဝဘေးဒဏ်ကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးခေါင်မှုလျှော့ချရေးအတွက်လဲ စီမံချက်တွေနဲ့ ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့လဲ ဘဏ္ဍာရေးအခက်အခဲတွေရှိနေပါတယ်။ အခုလောလောဆယ်မှာတော့ အစာအဟာရချို့တဲ့မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးဖို့ ဆောင်ရွက်နေပါတယ်" ဟု National Drought Management Authority (NDMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် သေဆုံးသူ ၇၅ ဦးထိ ရှိလာပြီဖြစ်

အစ္စလာမ်မာဘတ် ဧပြီ ၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် သေဆုံးသူ ၇၅ ဦးထိ ရှိလာပြီဖြစ်ကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင် (PDMA) က ကြေညာထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

မတ် ၂၅ ရက်မှစ၍ ယနေ့ထိ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် ဒဏ်ရာရရှိသူ ရာကျော်ရှိခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင် (PDMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

PDMA ၏ ကြေညာချက်တွင် ပြည်နယ်၏ ခရိုင်အသီးသီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမိုးနှင့်နံရံများ ပြိုကျမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများ များပြားခဲ့ကြောင်း သိရသည်။

ထို့ပြင် သေဆုံးသူများတွင် ကလေးများ ပါဝင်နေကြောင်း၊ လူသေဆုံးမှုအပြင် မိုးရွာသွန်းမှုကြောင့် လူနေအိမ် ထောင်ဂဏန်းခန့် ထိခိုက်ပျက်စီးခဲ့ပြီး အများစုမှာ လုံးဝလူနေထိုင်လို့မရလောက်အောင် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယနေ့ထိ အချို့ဒေသများတွင် မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပွားနေပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ကုသပေးထားပြီး အရေးပေါ် အကူအညီများလည်း ပေးပို့ထားကြောင်း၊ ထို့ပြင် ပြည်နယ်အမျိုးသား ဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်နှင့် လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းကာ အဆိုပါ ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ဖွင့်လှစ်ရေးနှင့် အိမ်ရာပျက်စီးသူများအတွက် ယာယီနေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးလေဝသဌာနကလည်း မိုးရွာသွန်းမှု ထပ်မံဖြစ်ပွားနိုင်ကြောင်း သတိပေးထားပြီး မြေပြိုကျမှုနှင့် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် ဒေသများတွင် နေထိုင်သူများကို အထူးသတိပြုနေထိုင်ရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အနောက်ဩစတြေးလျပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၆၅ ဟက်တာပျက်စီးခဲ့

ကင်ဘာရာ ဧပြီ ၉

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပမ်ဘာတန်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၆၅ ဟက်တာထိ ပျက်စီးသွားခဲ့ကြောင်း ဩစတြေးလျ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက် လောင်ကျွမ်းမှုသည် ပမ်ဘာတန်မြို့၏ အဝင်အထွက် လမ်းမကြီးများနှင့် Sea-to-Sky Highway လမ်းမကြီးကို ကူးစက်လောင်ကျွမ်းနေပြီး အဆိုပါ လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် ကြိုးစား ငြိမ်းသတ်ပေးနေသလို ဒေသခံ ပြည်သူများကလည်း တောမီးငြိမ်းသတ်ရေးတွင် ပါဝင်ကူညီပေးနေကြောင်း အနောက်ဩစတေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ပမ်ဘာတန်မြို့အနီးမှာ တောမီး လောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ ရာသီဥတုပူပြင်းခြောက်သွေ့တဲ့ အတွက်ကြောင့် တောမီးကူးစက်မှုနှုန်း မြန်ဆန်နေပါတယ်။ တောမီးကြောင့် သစ်တောမြေဟက်တာ ၆၅ ထိ လောင်ကျွမ်းပျက်စီးခဲ့ပြီးတော့ အဝေးပြေး လမ်းမကြီးတွေဆီကိုလဲ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးကြောင့် လမ်းမကြီးတွေကို ယာယီပိတ်ထားပါတယ်" ဟု အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပြန်မှာလား နေမှာလား

ဆူးသစ်

> ❖ ဒီတစ်ခါတော့ စင်ကာပူရောက်ပြီးသွားရင် ဘယ်လိုနေမှာလဲ ဆိုတဲ့သဘောကို ပြောချင်တာပါ။ ကဲ စောစောကပြောသလို စင်ကာပူ ရောက်လာပါပြီ။ အရိပ်ထဲလဲ မလုပ်ရ၊ နေကပူ၊ တစ်ရက်မှ မသက်သာ။ ဒါနဲ့ လှည့်ပြန်မလား၊ ဆက်နေမလား။ နေချင်ရင်တော့ လုပ်စရာတွေအများကြီးပါ။ အကောင်းဆုံးကတော့ ကိုယ်ရောက်နေတဲ့နေရာမှာ အတတ်နိုင်ဆုံးသည်းခံ၊ စိတ်ရှည်ရှည်ထားပြီးလုပ်မယ်လို့ စိတ်ပိုင်းဖြတ်နိုင်ရင် စင်ကာပူလာလုပ်ပါလို့ ပြောပါရစေ။ အချို့ WP တွေ နေပူထဲလဲလုပ်ရရော အချောင်ခိုဖို့ ကြိုးစားပါလေရော။ မလုပ်ချင် လုပ်ချင် လုပ်လာပါရော။ ခဏဆိုပြဿနာမဟုတ်ပေမဲ့ အုပ်စုနဲ့လုပ်ရင် အဲဒီလူတွေဟာ ထင်းထင်းကြီးပေါ်လာတတ်ပါတယ်။ ❖

အရင်ကရေးခဲ့တဲ့ "လာမှာလား နေမှာလား" ဆောင်းပါးရဲ့နောက်မှာ ပြောစရာတချို့ရှိနေလို့ ဒီလဆောင်းပါးမှာ နည်းနည်းထည့်ပြောချင်ပါတယ်။ အလုပ်ရှာရင် တကယ်တတ်ဖို့လိုတယ်ဆိုတဲ့ အချက်ပါ။ စင်ကာပူလာကတည်းက သင်တန်းတွေ ပြည့်စုံအောင်တက်၊ ဘာသာစကားကို ကြိုးစားလေ့လာ၊ တကယ်ယုံကြည်ပြီဆို S pass နဲ့ အလုပ်ရနိုင်တယ်။ (Work Permit) သမားကတော့ အေးဂျင့်နဲ့လာတာများလို့ အေးဂျင့်တွေရဲ့ သင်တန်းမှာတက်ပြီး အင်တာဗျူးဝင်ရင် ရနိုင်ပါတယ်။ ဒီနေရာမှာလဲ အေးဂျင့်တွေက နှစ်သီး၊ သုံးသီး၊ တစ်ပြိုင်တည်း စားလို့ရအောင် သူတို့ဆီမှာ သင်တန်းပါတွဲဖွင့်ထားပါတယ်။ ဘာမှတက်စရာမလိုတဲ့ အလုပ်ကြမ်းမျိုးဆို ဒိုက်ထိုး၊ ဖားခုန်ခုန်ခိုင်းပြီး အင်တာဗျူးမှာ လုပ်ချင်သလို လုပ်ခိုင်းတာတွေတောင် ကြားရတယ်။ များများထိုး များများခုန်နိုင်ရင် အလုပ်ရတဲ့သဘောပါ။ ကိုယ့်ဘာသာတွေးကြည့်ကြပါတော့လို့ပဲ ကြုံတဲ့လူတွေကို ပြောပြပေးပါ။

ဘယ်လိုနည်းနဲ့ရရ လုပ်မယ်ဆိုတဲ့ လူတွေကလွဲရင် ကျန်တဲ့သူတွေကတော့ အဲဒီလိုအင်တာဗျူးနဲ့ အလုပ်ကိုဘယ်လိုအလုပ်လဲလို့မမေးဘဲနဲ့တွေးကြည့်နိုင်ပါတယ်။ တချို့က ထင်ထားတာ စင်ကာပူလာရင် အရိပ်ထဲမှာ၊ စက်ရုံထဲမှာ၊ ပိုတွေးရင် အဲကွန်းခန်းထဲမှာ ဟိုပစ္စည်းကိုင်၊ ဒီပစ္စည်းဆက် အလုပ်မျိုးရမယ် ထင်ကြတယ်။ WP မပြောနဲ့ S pass လဲ နေပူထဲ လုပ်ရင် လုပ်ရမှာပါပဲ။ ကိုယ့်ကံပါပဲ။

ဒီမှာပဲ အရင်ဆောင်းပါးရဲ့အဆက်လို့ ပြောချင်ပြောနိုင်တဲ့ "ပြန်မှာလား နေမှာလား"ဆိုတဲ့ အခုဆောင်းပါး ထပ်ဖြစ်လာရတာပါပဲ။ ဒီတစ်ခါတော့ စင်ကာပူရောက်ပြီးသွားရင် ဘယ်လိုနေမှာလဲဆိုတဲ့ သဘောကို ပြောချင်တာပါ။

ကဲစောစောကပြောသလိုစင်ကာပူရောက်လာပါပြီ။ အရိပ်ထဲလဲ မလုပ်ရ၊ နေကပူ၊ တစ်ရက်မှ မသက်သာ။ ဒါနဲ့ လှည့်ပြန်မလား၊ ဆက်နေမလား။ နေချင်ရင်တော့ လုပ်စရာတွေအများကြီးပါ။

အကောင်းဆုံးကတော့ကိုယ်ရောက်နေတဲ့နေရာမှာ အတတ်နိုင်ဆုံး သည်းခံ၊ စိတ်ရှည်ရှည်ထားပြီး လုပ်မယ်လို့ စိတ်ပိုင်းဖြတ်နိုင်ရင် စင်ကာပူလာလုပ်ပါလို့ ပြောပါရစေ။ အချို့ WP တွေ နေပူထဲလဲ လုပ်ရရော အချောင်ခိုဖို့ ကြိုးစားပါလေရော။ မလုပ်ချင်လုပ်ချင်လုပ်လာပါရော။ ခဏဆို ပြဿနာ မဟုတ်ပေမဲ့ အုပ်စုနဲ့လုပ်ရင် အဲဒီလူတွေဟာ ထင်းထင်းကြီးပေါ်လာတတ်ပါတယ်။

ဒီတော့ အချင်းချင်း ငြိုငြင်တာခံရသလို အထက်ကမြင်ရင်လဲ အဲဒီလူကို ပြောင်းသင့်ရင်ပြောင်း၊ ရွှေ့သင့်ရင်ရွှေ့၊ ပြန်ပို့သင့်ရင်ပို့တာပါပဲ။ လစာအတူတူရပြီး အလုပ်ခိုရင်တော့ အဲဒီလူမျိုးကို သူဌေးတွေက မလိုလားသလို အလုပ်သမားအချင်းချင်းလဲ မလိုလားပါဘူး။ လက်ရှိအလုပ်မှာ ပင်ပန်းတယ်ဆိုရင် အိုတီမရဘဲ ပိုပင်ပန်းတဲ့ပရောဂျက်မျိုး ထပ်ပို့လိုက်တာပါပဲ။

နောက်တစ်ခုက ကိုယ့်ဘာသာရှာတဲ့ ပြဿနာပါ။ ကျွန်တော်ကြုံရတာလေးတချို့ ပြောပြပါမယ်။ WP တစ်ယောက် သူ့သူငယ်ချင်း မြန်မာပြည်ပြန်မှာမို့ နှုတ်ဆက်ပွဲလုပ်တာ သူငယ်ချင်းတွေ ပန်းခြံထဲစုအရက်သောက်ပြီးတော့ အိပ်ပျော်သွားတယ်တဲ့။ မိုးလင်းတော့ လွယ်နေကျကျောပိုးအိတ် မရှိတော့ဘူး။ ဘာတွေပါသွားလဲမေးတော့ ဟန်းဖုန်း၊ ပိုက်ဆံအိတ်၊ ဘဏ်ကတ်၊ WP Card၊ အလုပ်ကပေးထားတဲ့ ဝန်ထမ်းကတ်အစုံပါသွားတယ်။

ဒါနဲ့ ကျွန်တော့်ဆီရောက်လာပါတယ်။ HR မှာ လိုက်မေးတော့ WP ပျောက်လို့ ပြန်လုပ်ရင် ကျသင့်ငွေကို ကိုယ့်ဘာသာပေး။ ဒီကြားထဲ ကတ်ပျောက်လို့ နှစ်ပတ် ရာထူးချခံရတာ။ ဒီတော့ လစာမရဘဲ အဆောင်မှာကျွမ်းပဲထိုးထိုး၊ တရားပဲထိုင်ထိုင် နေချင်သလိုနေပေတော့။ ပြီးတော့ ရဲစခန်းသွားအကြောင်းကြား၊ ဘဏ်ကတ်ပြန်လုပ် စုံနေတာပါပဲ။ ကုန်ကျစရိတ်တွက်လိုက်ရင် တစ်လစာပြောင်မဲ့အပြင် အကြွေးပါတင်နိုင်တယ်။

ဒီတော့ စင်ကာပူမှာ ကိုယ့်ဘာသာသောက်မယ်ဆို ကြည့်သောက်ပေ့ါ။ သူငယ်ချင်း နှုတ်ဆက်ချင်ရင် ရိုးရိုးနှုတ်ဆက်ပေ့ါ။ စင်ကာပူမှာ နိုင်ငံပေါင်းစုံက လူမျိုးပေါင်းစုံပါသလို၊ အကျင့်ကလဲ ပေါင်းစုံပါပဲ။ အိန္ဒိယ၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ် အစုံပါပဲ။ လူမျိုးစုံတော့ ဘာသာလည်းစုံပါတယ်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ၊ မွတ်ဆလင် အားလုံးပါပါတယ်။

ဒီလိုစုံနေတဲ့ကြားမှာ သူများနဲ့ဖြစ်တာမဟုတ်ဘဲ ကိုယ့်ဘာသာတစ်ယောက်တည်း ပြဿနာဖြစ်လို့ ကိုယ့်မြန်မာအချင်းချင်းရန်ဖြစ်လို့ အရေးယူခံရတဲ့ အမှုတွေကြားရတာ ရင်နင့်စရာပါ။ ကျွန်တော်တို့ အလုပ်ထဲမှာ မြန်မာတိုင်းရင်းသားနှစ်ယောက် ရန်ဖြစ်တယ်။ ဖြစ်တာက အဆောင်မှာပါ။ ညပိုင်းမှာ တစ်ယောက်ကထိုးလိုက်တာ တစ်ယောက်က မျက်စိရောင်သွားတယ်။ အဲဒီမှာ အဲဒီတစ်ယောက်က HR ကိုတိုင်တယ်။ ထိုးတဲ့ကောင်လေးကို အိမ်ပြန်ပို့တယ်။

သိတဲ့အချိန်မှာ ကျွန်တော်တတ်နိုင်သလောက် လိုက်ပြောတယ်။ မမီတော့ဘူး။ တကယ့်အဖြစ်မှန်က အထိုးခံရတဲ့ ကောင်လေးက တစ်ဆောင်လုံးနဲ့မတည့်တာ။ သူကပဲရန်စတာ။ ဟိုကောင်လေးကလဲ မူးနေတော့ ထိုးချလိုက်ရော။ ဒီမှာကရန်ဖြစ်ရင်နှစ်ယောက်လုံးပြန်ရပေမဲ့ HR က လာတိုင်တဲ့ကောင်လေး English စကား ပိုပြောတတ်တာကြောင့်ထင်ပါရဲ့ မပြန်ခိုင်းဘဲ ထိုးတဲ့ကောင်လေးပဲ ပြန်ခိုင်းတယ်။

ကျွန်တော့်ဆီကို အကူအညီတောင်းတော့ ဘေးက အခြားအရာရှိတွေပါ ကူပြောပေမဲ့ မရတော့ပါဘူး။ ပြန်ရမဲ့ကောင်လေးမှာ အိမ်ထောင်နဲ့ မွေးခါစကလေးရှိတာကြောင့် အဲဒီနေ့က ကျွန်တော် ထမင်းတောင် စားမရတော့ပါဘူး။ အခြားသူနဲ့ဖြစ်လို့ ထိုးပြီးပြန်ရရင်ခံသာပေမဲ့ ကိုယ့်မြန်မာချင်းရန်ဖြစ်လို့ ပြန်ရတယ်ဆိုတာ စိတ်နာလို့မဆုံးပါဘူး။ အေးဂျင့်ဖိုးမကျေဘဲပြန်ရတော့ အခြားနိုင်ငံခြားသားတွေလဲ စိတ်မကောင်းကြဘူး။

ပိုဆိုးတာက တိုင်တဲ့ကောင်လေးကို မင်းကျေနပ်လိုက်ပါ။ HR ကိုပြောပေးပါဆိုတော့ ပြောမပေးချင်ဘူး။ ကျွန်တော်တို့ Project Manager က စိတ်ထားကောင်းလို့ အဲဒီ HR မန်နေဂျာကို လိုက်ပြောတာတောင် မရတော့ဘူး။ တကယ်တော့ အဆောင်မှာဖြစ်တဲ့ပြဿနာ ယောက်ျားချင်း အဆောင်မှာရှင်းရင်ပြီးပေမဲ့ ရုံးအထိယူလာတော့ အမှုရှုပ်ကုန်တာပေ့ါ။

ဒီတော့ စင်ကာပူလာရင် တစ်ခုသတိထားရမှာက အနေအထိုင် အသွားအလာပါ။ သောက်တတ်သလား၊ ကိုယ့်ဘာသာကြည့်သောက်။ သောက်တယ်ဆိုရင်တောင် အရက်တောင်မဟုတ် ဆေးလိပ်ပါပါသေးတယ်။ အလုပ်ကကောင်လေးတစ်ယောက် ဆေးလိပ်သောက်ပြီး ပစ်ချ။ ဖိနပ်နဲ့နင်းခြေရုံရှိသေး နောက်က ပခုံးပုတ်ပြီး WP နံပါတ်နဲ့ လိပ်စာ၊ ကုမ္ပဏီနာမည်မေးပြီး ဒေါ်လာ ၃၀၀ ဆောင်ခိုင်းတယ်။ ခွဲပြီးဆောင်ရတယ်။ လစာမှ ၄၀၀ ကျော်ရတာ အဲဒီလစာသွားရော။

ရန်ဖြစ်ရင်လဲ အမှုက ပိုကြီးတယ်။ ကုမ္ပဏီက ရဲစခန်းမပို့ရင် ကံကောင်း၊ မြန်မာပြည်ပြန်ရဖို့ များပါတယ်။ အဲဒါကြောင့် သည်းခံမယ်၊ စိတ်ရှည်မယ်၊ ဖွဲ့ရှိမယ်၊ အသောက်အစားဆင်ခြင်မယ်၊ ဒါဆို မဆိုးပါဘူး။ ကိုယ့်ဘာသာ ဆက်လုပ်နေလို့ရပါပြီ။ အိမ်ကို ငွေပြန်ပို့ဖို့ကတော့ မိမိကိုယ်တိုင် ရတဲ့လစာအသုံးအဖြုန်းပေါ်မှာ မူတည်တာသိကြပြီသားပါ။

တချို့ဆို တစ်ပြားမှ ပြန်မပေးဘဲ လစာကို ကိုယ့်ဘာသာသုံးနေတဲ့ လူတွေလဲရှိပါတယ်။ မလောက်တာထက် ပြန်မပို့တဲ့သဘော ပိုများပါတယ်။ ဒီမှာက မိန်းမကိစ္စပျော်ပါးဖို့ တရားဝင်နေရာရှိတယ်။ သွားစရာ လာစရာရှိတယ်။ အလုပ်နဲ့အဆောင် မွန်းကျပ်နေတော့ ၁၀ ဒေါ်လာပေးရတဲ့ ရုပ်ရှင်ရုံဆိုလဲ ဝင်လိုက်တာပါပဲ။ နိုင်ငံခြားသူ အိမ်ဖော်ကို ထမင်းကျွေး၊ ဟိုခေါ်၊ ဒီခေါ်ဆိုလဲရနေတော့ ရတဲ့လစာ ပြန်မကြည့်သွားမိလိုက်တာပါပဲ။

စင်ကာပူမှာ အလုပ်လုပ်တယ်ဆိုတာ ထောင်ကျတာနဲ့ အတူတူပဲလို့ သူငယ်ချင်းတွေ ပြောသံကြားဖူးတယ်။ ထောင်တောင် ရိုးရိုးထောင်မဟုတ်။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်လို့ပြောကြတယ်။ ကျွန်တော်က ဖြည့်ပြောချင်ပါတယ်။ ကံမကောင်းရင် ကျွန်းထောင်ကျတယ်လို့။

ဘာဖြစ်လို့လဲဆိုတော့ လက်ရှိခေါ်နေတဲ့ အလုပ်တွေထဲမှာ စင်ကာပူလို ကျွန်းနိုင်ငံလေးရဲ့ဘေးက ကျွန်းတွေပေါ်မှာရှိနေတဲ့ Project တွေက အလုပ်တွေပါနေလို့ပါ။ ဂျူးရောင်းကျွန်း၊ ဘူကုန်းကျွန်း၊ အူလားကျွန်းစတဲ့ ကျွန်းတွေက အလုပ်တွေမှာ အရိပ်ရဖို့ ခဲယဉ်းသလို ပင်လယ်ဝိုင်းနေတဲ့ကျွန်းပေါ်က အပူဟာ မျက်နှာထိတာများရင် တင်းတိပ်လိုတောင် ကွက်ပြီး မည်းလာလို့ အားလုံးမျက်နှာစည်းပြီး လုပ်ရပါတယ်။

အိပ်ရာစောထ၊ နေပူထဲလုပ်၊ ညနေချက်ဟယ် ပြုတ်ဟယ်နေကြရင်း မွန်းကျပ်လာတဲ့စိတ်တွေ လွှတ်ပေးချင်တာသဘာဝမို့ ဘယ်သူ့ကိုမှ ကျွန်တော် အပြစ်မတင်ရက်ပါဘူး။ ဒီနေရာမှာ တစ်ဦးချင်းစီရဲ့ အသိစိတ်တွေက အိမ်မှာကျန်ခဲ့တဲ့ မိဘတွေ၊ မိသားစုတွေဆီကို ငွေဘယ်လောက်ပို့နိုင်မလဲဆိုတာ မူတည်နေပါတယ်။ အကြွေးလည်ပင်းနစ်၊ အတိုးတွေ သွေးတိုးအောင်တက်ဆောင့်တဲ့ မိဘတွေဆီကို ငွေပြန်ပို့နိုင်၊ မပို့နိုင်ဆိုတာ လွှတ်လိုက်တဲ့လူတွေက ကိုယ့်သား၊ သမီး ညီအစ်ကိုမောင်နှမအပေါ် ယုံကြည်မှုနဲ့ အကဲဖြတ်ပြီးမှ ယုံသင့်၊ မယုံသင့် ချင့်ချိန်ပြီး စင်ကာပူကို လွှတ်ပါလို့ ပြောပြချင်ပါတယ်။

ကျွန်တော် အလုပ်ထဲမှာ ကုလားကိုဆွဲထိုးလို့ ဖြေရှင်းပေးရတဲ့ပြဿနာတွေလဲ ရှိပါတယ်။ တချို့က စရင်းနောက်ရင်းဖြစ်တာ၊ တချို့က ယဉ်ကျေးမှုမတူလို့ဖြစ်တာ။ သူတို့က ဆဲတာကို ထမင်းစားရေသောက် ပြောတတ်ပေမဲ့ ကျွန်တော်တို့လူမျိုးက မဆဲတတ်ပါဘူး။ ခက်တာက မဆဲဘဲလက်နဲ့ထလုပ်တော့ ပိုရှုပ်ကုန်ပါရော။ ပိုဆိုးတာက အခြားလူတွေကတိုင်ရင် ရှေ့ကတိုင်တယ်။ ကျွန်တော်တို့လိုလူမျိုးက နောက်က လိုက်ရှင်းတယ်။ စရိုက်ကွာတော့ ခံရတယ်။

ကျွန်တော်လဲ တတ်နိုင်သလောက် ဖြေရှင်းပေးပေမဲ့ မှန်တာပဲ ရှင်းနိုင်တာမျိုးပါ။ ကိုယ့်ဘက်က မှားရင်ခံရမှာပါပဲ။ ဒီမှာပဲ ကျွန်တော့်အလုပ်ထဲက WP တွေသိအောင် ကျွန်တော်ခံယူချက်တစ်ခု ပြောပြခဲ့ပါတယ်။ "ငါ ဒီနိုင်ငံ ရောက်ပြီးမှ လက်သီးနဲ့ ဆွဲထိုးခဲ့တဲ့လူပေါင်းမနည်းဘူး။ ဒါပေမဲ့ အပြင်မှာ မဟုတ်ဘူး။ စိတ်ထဲမှာ"လို့။

တကယ်တော့ ကြောက်လို့မဟုတ်ပါဘူး။ ကျွန်တော်လဲ အေးဂျင့်နဲ့လာခဲ့တာပါ။ ရှေ့လျှောက် လုပ်စရာတွေ ရှိနေတယ်။ ဒါတွေကြောင့် သည်းခံခဲ့ရတာမျိုး ရှင်းပြခဲ့တာပါ။ သူတို့နားလည်ကြပါတယ်။ သူတို့ကိုလဲ ကျွန်တော်နားလည်ပါတယ်။ မောပန်းနေတဲ့အချိန်မှာ စတာ၊ ဆဲတာ မခံချင်လို့ ဆွဲထိုးတာ။ ဒါပေမဲ့ အပြစ်ကြီးလို့ မလုပ်သင့်ဘူးလို့ ကျွန်တော် ပြောပြခဲ့ပါတယ်။

သူများနိုင်ငံမှာ ငွေရှာဖို့လာတာ ကိုယ့်နိုင်ငံမှာလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ ဒုက္ခခံရမယ်၊ သည်းခံရမယ်၊ စိတ်ရှည်ရမယ်၊ ဖွဲ့ရှိရမယ်၊ ဝီရိယလဲ လိုတယ်။ သူ့နိုင်ငံက တင်းကျပ်တဲ့ စည်းမျဉ်းတွေကလဲ နည်းမှမနည်းဘဲ၊ ဒါတွေလိုက်နာဖို့လဲလိုတယ်။

ထစ်ခနဲရှိချလိုက်၊ ထစ်ခနဲရှိ အပြစ်တွေလုပ်လိုက်နဲ့ ငွေလဲမစုမိ ဘာမှမရ၊ အေးဂျင့်ဖိုး မကျေသေးဘဲ ပြန်ရရင် အိမ်ကလူတွေအတွက် အကြွေးတင်ပြီး ရင်စည်းခံရမှာပါပဲ။ ဒါကြောင့် နိုင်ငံခြားထွက်ပြီး အလုပ်လုပ်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ပြန်မေး၊ နိုင်ငံခြားကို ပို့ပေးချင်သူတွေကလဲ ကိုယ်ပို့မဲ့လူရဲ့ မူလစိတ်အခံကိုလေ့လာပြီး မေးကြည့်။ **"ပြန်မှာလား နေမှာလား"**လို့။

နိုင်ငံခြားမှာ အလုပ်လုပ်နေတုန်းလဲ အဲဒီမေးခွန်းကို နှလုံးသွင်းထားနိုင်မှ ရေရှည်ရပ်တည်ဖို့ လွယ်တာပါ။ ခဏပဲနေမယ်၊ ပြန်မှာဆိုရင်တော့ သဘောပဲလို့သာ ပြောချင်တာပါပဲ။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့ စာအုပ်မှ ဖော်ပြပါသည်။)**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်ဖြူ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ကလေး ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်ဖြူ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၁၇၄၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်ဖြူစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပိဿာချိန် ၂၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်ဖြူ ၁၇၄၉ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်ဖြူစိုက်ခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်ဖြူတွေက အရည်အသွေးကောင်းပြီး အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ကြက်သွန်ဖြူကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူဖြစ်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်ဖြူကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ် ဆားတော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ရေကြည် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းလျားကျေးရွာအုပ်စု ဆားတော်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဆားတော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆားတော်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း ဖြစ်သည့် ငွေကျပ် ၁၂၆ သိန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၅ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၄၁ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ် ၂၁ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးက ပြောပြ၍ သိရသည်။ **ဇင်မာ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဒေသထွက်ဖရဲသီးအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့မတ်လအတွင်း ဒေသထွက်ဖရဲသီးအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဖရဲသီးအလုံးရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဖရဲသီးအလုံးရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဖရဲသီးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒေသထွက်ဖရဲသီးအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ ဒေသထွက်ဖရဲသီးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသထွက် ဖရဲသီးတွေက အရသာကော အရည်အသွေးပါ



ကောင်းမွန်တာတွေ့ရပါတယ်''ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ပြီးခဲ့သည့် မတ်လအတွင်း ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ဖရဲသီးအများအပြား တင်ပို့ ရောင်းချခဲ့ရသောကြောင့် ဖရဲသီးစိုက်တောင်သူများ၊ လုပ်သားများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါ ဖရဲသီးတစ်လုံးလျှင် အရွယ်အစားနှင့် အရည်အသွေးအလိုက် ငွေကျပ် ၃၀၀၀ မှ ၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးညိုမြို့နယ် စိန်တိုင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့

**မိုးညို ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိန်တိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက စိန်တိုင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စိန်တိုင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# မိုးနဲမြို့နယ် ဟဲကေကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း VRFP ရန်ပုံငွေ ထုတ်ချေး

**မိုးနဲ ဧပြီ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟဲကေကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၂၁၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဟဲကေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**


ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်


နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



ဝတ္ထုတိုကဏ္ဍ

# ချစ်ခြင်းဖွဲ့အလင်္ကာ

**မနှင်းဖွေး**



**ယမန်နေ့မှအဆက်**

"အဘိုးနဲ့အဘွားကတော့ အရင်အတိုင်းပဲ မမထားရေ။ တစ်လောကအဖြစ်များ ရယ်တောင်ရယ်ရသေးတယ်။ ရပ်ကွက်ဓမ္မာရုံ ပြင်ဆောက်တာ အဘွားက ငွေကျပ် ၁၀ သိန်း လှူတယ်လေ။ အဲဒါကို နိဗ္ဗာန်ဆော်အသစ်က တစ်လမ်းဝင်၊ တစ်လမ်းထွက် အလှူဆက်ခံရင်း လှူပြီးသား အလှူရှင်စာရင်းကို လော်စပီကာနဲ့ ဖတ်တာပေါ့။ "ပွဲစားကြီး ဦးကောင်းဇံနှင့် ပွဲကတော်ဒေါ်လေးမယ်တို့က အလှူတော် ငွေကျပ် ၁၀ သိန်း"လို့အော်တာ အဘွားကစိတ်တွေဆိုးလို့လေ။ တိုးတိုးကို အဲဒီဦးလေးကြီးဆီ ချက်ချင်းသွားခိုင်းပြီး ပြင်ဖတ်ခိုင်းတယ် သိလား။ ဦးကောင်းဇံ မိသားစုဖတ်ချင်ဖတ်၊ ဒေါ်လေးမယ် မိသားစု ဖတ်ချင်ဖတ်။ ဦးကောင်းဇံနဲ့ဒေါ်လေးမယ်ကို တွဲမဖတ်စေနဲ့တဲ့လေ။ နိဗ္ဗာန်ဆော်အသစ်က ပထမ အူကြောင်ကြောင်ဖြစ်သွားပြီး နိဗ္ဗာန်ဆော်အဟောင်း အဘဦးပိန်ရှင်းပြမှ သဘောပေါက်သွားတယ်။

ဪ. . . အဘွား၊ အဘွား။ တကယ်စိတ်ကြီးတဲ့အဘွားပါပဲ။ အဘိုးအပေါ် ဘယ်လောက်နာကြည်းလိုက်သလဲဆိုရင် လှူရှင်တောင် နာမည်တွဲ မလှူချင်ဘူးတဲ့။ နောင်ဘဝ ရေစက်ပြန်ဆုံမှာစိုးလို့တဲ့လေ။ သူများတွေလို သံသာကမ်းတိုင်တူပြိုင်ကူးဖို့တို့ ဘာတို့တော့ ဝေလာဝေး။ ယောင်လို့တောင် စိတ်မကူးဘူး ထင်ပါရဲ့။

နှင်းဆီပန်းကြိုက်တဲ့ အဘွားအတွက် နှင်းဆီပန်းအိုးတွေ တစ်အိုးပြီးတစ်အိုးစိုက်ပြီး အဘွားအမျက်တော် ပြေလိုပြေငြား အဘိုးကြိုးစားပေမယ့် အဘွားကတော့ မျက်ထားတော် သုန်သုန်၊ ပိန်းပိတ်လို့ မှုန်လျက်ပါပဲ။

ဒါကြောင့် တစ်ခါတလေ အဘိုးက အလုပ်လုပ်ရင်း "မာနရှင်"သီချင်းကို ခပ်တိုးတိုး ညည်းနေတတ်တာပေါ့။

"မာနရှင်ရယ်. . . မုန်းမာန် မဝင်နဲ့ကွယ်. . . နှိုင်းယှဉ်ကာပြမယ်"

ကျွန်မလည်း ကျောင်းပြီးသွားတော့ ရန်ကုန်မှာပဲ အလုပ်ဝင်ခဲ့ပါတယ်။ အိမ်ထောင်ကျတော့လည်း ရန်ကုန်သားနဲ့ဆိုတော့ ရန်ကုန်မှာပဲ အခြေကျပြီး ကိုယ့်ဇာတိမြို့လေးကို တစ်နှစ်တစ်ခေါက်တောင် ပြန်မရောက်ဖြစ်တော့ပါဘူး။

အဘိုးနဲ့ အဘွားလည်း အသက်တွေကြီးကုန်ပါပြီ။ ၇၀ ကျော် ၈၀ တန်းဆိုတော့ ကျန်းမာရေးကလည်း တရှောင်ရှောင်ဖြစ်လာပြီပေါ့။ ဒါပေမဲ့ အဘိုးနဲ့စာရင် အဘွားက ကျန်းမာရေး ပိုကောင်းတယ်လို့ ပြောရမယ်။ သွေးတိုးရောဂါကလွဲပြီး တခြားဘာရောဂါမှ မရှိဘူး။ အဘိုးကတော့ သွေးတိုးရော၊ နှလုံးရော၊ ဆီးချိုရော၊ ညီအစ်ကိုရောဂါသုံးမျိုးစလုံးကို လက်ခံထားပါတယ်။

ကျွန်မသားကြီး ကျောင်းထားတဲ့နှစ်မှာပေါ့။ ရုံးသွားခါနီး တစ်မနက်မှာ အဘိုးတော်တော်နေမကောင်း ဖြစ်တယ်၊ စိုးရိမ်ရတယ်လို့ ဖုန်းဆက်လာတာနဲ့ရုံးကို ခွင့် ၁၀ ရက်တင်ပြီး မြို့ကို ကျွန်မ အပြေးပြန်ခဲ့ပါတယ်။ အဲဒီမတိုင်ခင် လွန်ခဲ့တဲ့ ခြောက်လကလဲ အဘိုးလေဖြတ်လို့ ဆေးရုံတင်လိုက်ရသေးတယ်။ အဲဒီတုန်းကလည်း ကျွန်မ ခွင့်မရလို့ မသွားလိုက်ရဘူး။

ကျွန်မရောက်သွားတဲ့အခါ အဘိုးကို အိပ်ရာပေါ်မှာ နှာခေါင်းပိုက်တန်းလန်း၊ ဘယ်ဘက်လက်ရော၊ ညာဘက်လက်ရော သွေးကြောဆေးပိုက်တွေ တန်းလန်းနဲ့ တွေ့ရပါတယ်။ ကျွန်မ မြို့ပြန်မရောက်တဲ့ နှစ်နှစ်လောက်အတွင်း အဘိုးတော်တော့်ကို ရုပ်ကျသွားပါလား။ အဘိုးကို မြင်မြင်ချင်းပဲ ရင်ထဲဆို့သွားပါတယ်။

ကျွန်မက အဘိုးတို့၊ အဘွားတို့နဲ့ အတူနေတဲ့ ဒေါ်လေးငယ်ကို ဘာကြောင့်ဆေးရုံမတင်တာလဲလို့ မေးကြည့်တော့။

"အရင်တစ်ခါ ဆေးရုံတက်ပြီးကတည်းက ညည်းအဘိုးက သူ့ကို နောက်ထပ်ဆေးရုံမတင်ပါနဲ့လို့ ပြောထားလို့ဟဲ့။ သူသေရင် အိမ်မှာပဲ သေချင်တယ်တဲ့။ ဒါကြောင့် မတင်တာပေါ့အေ။ ဆရာဝန်ကြီးကတော့ နေ့တိုင်းလာကြည့်ပေးပါတယ်။ နေ့ဆရာမရော၊ ညဆရာမရော ခေါ်ထားတယ်လေ"

"ဆရာဝန်ကြီးက ဘာပြောသေးလဲ ဒေါ်လေး"

"အဆိုးဆုံးကို မျှော်လင့်ထားပါတဲ့"

ကျွန်မ ခြေကုန်လက်ပန်းကျပြီး အရုပ်ကြိုးပြတ်ဖြစ်သွားပါတယ်။ ရေတစ်ခွက်တောင်းသောက်ပြီး အားပြန်တင်းရပါတယ်။ ပြီးတော့ ကျွန်မ အဘိုးနားနားကပ်ပြီး "အဘိုး"လို့ခပ်တိုးတိုး ခေါ်ကြည့်တော့ အဘိုးမျက်လုံး ဖြည်းဖြည်းချင်းပွင့်လာပါတယ်။

ကျွန်မကို မြင်တော့ အဘိုးမျက်နှာမှာ ချက်ချင်းပဲ ဝမ်းသာတဲ့ အရိပ်အယောင်တွေ ပေါ်လာတယ်။ တစ်ခဏချင်းမှာပဲ မျက်နှာညှိုးကျသွားပြီး မျက်ရည်တွေ ဝိုင်းသွားပြန်ပါတယ်။ ပြီးတော့ ကျွန်မနာမည်ကို ခေါ်ဖို့ ကြိုးစားပေမယ့် အသံကတော့ ထွက်မလာတော့ပါဘူး။

ကျွန်မအဘိုးရဲ့ အရိုးပေါ်အရေတင် လက်မောင်းလေးကို ဆုပ်ကိုင်ထားရင်း မျက်ရည်မဆည်နိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ဪ. . . အညှာညောင်းနေတဲ့ ရွက်ညိုက ကြွေလုလုဖြစ်နေပါပြီကော။ အဘိုးခေါင်းရင်းမှာရှိတဲ့ ကက်ဆက်ကတစ်ဆင့် ခပ်တိုးတိုး ထွက်လာတဲ့ ဆရာတော်တစ်ပါးရဲ့ ဗောဇ္ဈင်္ဂသုတ်တော်တန်ခိုးကြောင့် အဘိုးသက်သာရာရပါစေလို့ပဲ ကျွန်မ ဆုတောင်းရပါတော့တယ်။ အဘိုးပြန်အိပ်ပျော်သွားမှ ကျွန်မ အဘွားရှိတဲ့အပေါ်ထပ်ကို တက်ခဲ့ပါတယ်။ လှေကားတစ်ဝက်မှာ တိုးတိုးက ကျွန်မလက်ကို ဆွဲပြီး စကားပြောပါတယ်။

"အဘွားကလေ ခုချိန်ထိ အဘိုးကို ဆင်းမတွေ့သေးဘူး မမထားရယ်။ နောက်ကွယ်ကနေပြီးတော့ ညည်းအဘိုးကို ဘာလုပ်ပေးလိုက်၊ ညာလုပ်ပေးလိုက်တော့ခိုင်းပါတယ်။ အဘိုးက တကယ်တော့ သနားစရာ တော်တော်ကောင်းတာပဲ။ သတိမရတစ်ချက်၊ ရတစ်ချက်တုန်းကဆိုရင်လည်း "လေးမယ်ရေ" "လေးမယ်ရေ"နဲ့ အဘွားကို တတယ်သိလား။ အဘွားဆီက ခွင့်လွှတ်တယ်ဆိုတဲ့စကားကို သူကြားချင်ပုံရတယ်။ "အဘွားက အဟုတ် ခေါင်းမာတယ်"

အဘွားအခန်းကိုရောက်တော့ အဘွားကို ခုတင်ပေါ်မှာထိုင်ပြီး ပုတီးစိပ်နေတာကို တွေ့ရတယ်။ အဘွားလည်း နည်းနည်းတော့ ပိန်သွားတာပါပဲ။ မျက်နှာလည်း သိပ်တော့မကောင်းလှပါဘူး။ အရင်က တောက်ပစူးရှခဲ့တဲ့ အဘွားမျက်လုံးတွေဟာ အခုတော့ အရောင်မှိန်ဖျော့ကုန်ပြီပေါ့။ အဘွားနဲ့ အာလွှာပသလ္လာပ စကားနည်းနည်း ပြောပြီးတာနဲ့ ကျွန်မအရဲစွန့်ပြီး အဘွားကို စကားတစ်ခွန်း ပြောကြည့်တယ်။ "အဘွား . . .အဘိုးကို တစ်ခါလောက် ဆင်းကြည့်လိုက်အုံးလေ။ အားပေးစကားလေး တစ်ခွန်းလောက်ဖြစ်ဖြစ် ပြောလိုက်ပါလား အဘွား"

အဘွားက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခေါင်းခါတယ်။ အဲဒီည သန်းခေါင်ကျော်အချိန်မှာပဲ အဘိုးကွယ်လွန်အနိစ္စရောက်သွားပါတယ်။

ဆွေတွေမျိုးတွေ၊ အိမ်သားတွေ၊ အိမ်အကူတွေပါ မကျန် ကျွက်ကျွက်ညံအောင် ငိုကြပေမယ့် အဘွားကတော့ တုတ်တုတ်မလှုပ်ဘူး။ မျက်ရည်တစ်စက်မှ မကျဘူး။ ဘုရားစင်အောက်မှာထိုင်ပြီး တရားရှုမှတ်နေပါတယ်။

နောက်နေ့မနက် အဘိုးအလောင်းကို ရေခဲတိုက်သယ်သွားပြီးတော့မှ အဘွားအောက်ထပ်ကို ဆင်းလာပါတယ်။ သံဃာတော်တွေကို သက်ပျောက်ဆွမ်းကပ်စရာရှိကပ်တယ်။ တရားနာစရာရှိနာတယ်။ လာသမျှ ဧည့်သည်တွေကို ဣန္ဒြေရရဧည့်ခံတယ်။

သုံးရက်မြောက်မှာ အသုဘချတော့ လူကုန်အသုဘလိုက်ပို့တာပေါ့။ အိမ်မှာ အဘွားရယ်၊ အဘွားကို အဖော်လုပ်ပေးဖို့ ဒေါ်လေးငယ်တို့ မွေးစားထားတဲ့ အေးအေးဆင့်ဆိုတဲ့ ကလေးမလေးပဲ ကျန်ခဲ့တယ်။

အဘိုးရဲ့ ဈာပနကတော့ စည်စည်ကားကားပါပဲ။ တစ်မြို့လုံး အသိချည်းပဲဆိုတော့ အသုဘပို့လူတန်းဟာ တော်တော်ရှည်လျားပါတယ်။ သုသာန်မှာလည်း လူတွေ ပြည့်လျှံသွားတာပဲ။

ကျွန်မက အဘိုးအုတ်ဂူပြီးတဲ့ထိ နေတဲ့သူဆိုတော့ နေစောင်းမှ အိမ်ပြန်ရောက်ပါတယ်။

အိမ်ရောက်တော့ အထူးအဆန်းစကားကို ကြားရတော့တာပဲ။

အေးအေးဆင့်က ကျွန်မကို ဘာပြောလဲ ဆိုတော့

"မကြီးထား၊ မကြီးထားတို့ ထွက်သွားပြီး အိမ်မှာ ဘယ်သူမှ မကျန်တော့တဲ့အခါကျတော့လေ ဘွားဘွားကြီးက ဘိုးဘိုးကြီး အခန်းထဲဝင်သွားတယ် သိလား။ ပြီးတော့ ဘိုးဘိုးကြီး ခုတင်ဘေးက ကုလားထိုင်မှာထိုင်ပြီး ဝမ်းနည်းပက်လက် ငိုလိုက်တာ အကြာကြီးပဲ"

"ဟင်"

အဘိုးရက်လည်ပြီးတာနဲ့ ကျွန်မ ရန်ကုန်ကို ပြန်လာခဲ့ပါတယ်။ အပြန်ခရီး ကားပေါ်မှာ လိုက်ပါလာရင်း အဘိုးနဲ့အဘွားရဲ့ ချစ်ခြင်းတရား၊ ဒါမှမဟုတ် သံယောဇဉ်တွေကို စဉ်းစားလာခဲ့မိပါတယ်။

အဘိုးနဲ့အဘွား တစ်ယောက်ကိုတစ်ယောက် ချစ်ကြသလား၊ မချစ်ကြဘူးလား။ သံယောဇဉ်ရှိကြသလား၊ မရှိကြဘူးလား။ အဘိုးနိုင်သလား၊ အဘွားနိုင်သလား။

အဘွားက အဘိုးကို အသက်ထက်ဆုံး မကျေနပ်တာတော့သေချာတယ်။ မုန်းလှလို့တော့ ဟုတ်မယ် မထင်ဘူး။ သိပ်ချစ်လို့ သိပ်နာကြည်းတယ်ဆိုရင် ပိုမှန်မလား။ အဘိုးကျူးလွန်တဲ့အပြစ်က အဘွားခွင့်မလွှတ်နိုင်တဲ့အပြစ်မျိုးလေ။ အဘွားမှ မဟုတ်ဘူး။ ဘယ်မိန်းမမှ ခွင့်မလွှတ်နိုင်တဲ့ ပြစ်ချက်မျိုးဟာကိုး။ ဒါပေမဲ့နောက်ပိုင်း အဘိုးဒုက္ခရောက်ပြီဆိုတော့ အဘိုးကို ပြန်ခေါ်တယ်။ သားသမီးအကြောင်းပြပြီး အဘိုးကို ပြန်လက်သင့်ခံတာ အံ့သြစရာပဲ။ လက်သင့်ခံပြီး အဘိုး နေရေး၊ စားရေး၊ ဝတ်ရေးကိစ္စတွေမှာ ဝတ္တရားမပျက် စီစဉ်ဆောင်ရွက်ပေးပြန်တယ်။ အဲ. . ဒါပေမဲ့ သူနေထိုင်တဲ့ အပေါ်ထပ်ကိုတော့ လာခွင့်မပြုပြန်ဘူး။ ဒါကျတော့လည်း အဘိုးရဲ့ယောက်ျားမာနကို အပိုင်းပိုင်းရိုက်ချိုးပစ်သလို ဖြစ်နေပြန်ရော။

အဘိုးသူ့ကို ဘယ်လိုချော့ချော့ မပျော့ဘူး။ ဘယ်လိုဖြေဖြေမပြေဘူး။ အဘိုးရဲ့ နောက်ဆုံးအချိန်ထိ ခွင့်လွှတ်စကားမဆိုဘူး။ အဘိုးရဲ့ နောက်ဆုံးခရီးကိုတောင် လိုက်မပို့ဘူး။ အဘိုးကို ပညာသားပါပါ ကလဲ့စား ချေလိုက်တာလား။

ဒါပေမဲ့ သူများတွေ အဘိုးရဲ့ နောက်ဆုံးခရီးကို ပို့ဆောင်တဲ့အချိန်မှာတော့ အိမ်မှာ သူတိတ်တိတ်လေး ငိုကြွေးတယ်တဲ့။

ဒီတော့ အဘွားက အဘိုးက ချစ်တာလား၊ မချစ်တာလား။

အဘွားက နိုင်တာလား၊ ရှုံးတာလား။

အဘိုးကတော့ စောစောပိုင်း ဘဝစာမျက်နှာမှာ လူပေါ်ကြော့၊ လူ့မင်းသားအနေနဲ့ အပေါ်စီးက နေခဲ့ဖူးတယ်။ နောက်တော့ အနုပညာ မာယာတောမှာ ပျော်မောမိန်းမူးညွတ်ယိုင်သွားရာက သတိလက်လွတ်ဖြစ်ပြီး ဘဝရဲ့အစိတ်အပိုင်းတချို့ အကျည်းတန်သွားတယ်လေ။ အဘွားအပေါ် သူသစ္စာမဲ့တာဟာ အဘွားကို သူသိပ်မချစ်လို့လား။ အဘွားရဲ့ အချစ်ကို တန်ဖိုးမထားတာလား။ အဘွားက သူ့ကို သိပ်ချစ်မှန်းသိလို့ အခွင့်အရေးယူတာလား။

စာမျက်နှာ ၂၉ သို့ á

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၃၆၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၃၆၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နွေနှမ်း ၇၁၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လပထမပတ်မှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၃၆၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နွေနှမ်းဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၆၂၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။

လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နွေနှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လထဲမှာ မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအား ကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ဘက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက်မတ်ပဲတွေကို ဒီဘက်က ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများ ဝယ်လိုအား ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၈ မှအဆက်

နောက်တော့လည်း နောင်တတွေနဲ့အတူ အဘွားဆီကို သူပြန်လာခဲ့ပါတယ်။ ရှိရှိသမျှမာန အကုန်ခဝါချပြီး အဘွားအမျက်ပြေအောင် သူကြိုးစားခဲ့တယ်။ ကြိုးစားခဲ့ပေမဲ့ နောက်ဆုံးထွက်သက်ထိ သူမအောင်မြင်ခဲ့ဘူး။ အဘွားက သူသေပျော်အောင် လုပ်မပေးသွားဘူး။ သူ့မိုက်ပြစ်အတွက် အသက်ထက်ဆုံး အဘွားကို သူပေးဆပ်သွားရတယ်။

ဒါပေမဲ့ သူ့ဝိညာဉ်ချုပ်ငြိမ်းခဲ့တဲ့ ခုတင်ဘေးမှာ အဘွားတိတ်တိတ်လေး ငိုကြွေးတယ်ဆိုတာကိုသိရင် သူဘယ်လိုနေမှာလဲ။

ဝမ်းသာမှာလား၊ ဝမ်းနည်းမှာလား။

အဘိုးနိုင်တာလား၊ ရှုံးတာလား။

အိမ်အပြန် လမ်းခရီးတစ်လျှောက်လုံး အတွေးပေါင်းများစွာ၊ စိတ်ကူးပေါင်းများစွာ၊ မေးခွန်းပေါင်းများစွာနဲ့ လုံးထွေးရစ်ပတ်ရင်း ကျွန်မ အိမ်ပြန်ရောက်လာပါတယ်။

ခြောက်နာရီကျော်ကျော် နေ့ဝက်ခရီးဆိုပေမယ့် ခရီးကတော့ အပန်းသား။ ကားဂိတ်ကို မနက် ၅ နာရီအမီရောက်ဖို့ အိပ်ရာက ၃ နာရီခွဲလောက်ကတည်းကထပြီး ပြင်ဆင်ခဲ့ရတာမို့ လူကအိပ်ရေးမဝဘဲ မူးနောက်နောက် ဖြစ်နေပါတယ်။

အိမ်ရောက်ပြီး နာရီဝက်လောက် နား၊ ရေမိုးချိုး၊ ထမင်းစားပြီး တစ်ရေးလောက် အိပ်မယ်ကြံကာရှိသေး ဖုန်းသံကမြည်လာပါတယ်။

ကျွန်မ ဖုန်းကောက်ကိုင်တော့ ညီမတိုးတိုးဆီက ဖုန်း ဖြစ်နေပါတယ်။

"မမထား အိမ်ပြန်ရောက်ပြီလား"

"အေး.. ရောက်ပါပြီ ညီမရယ်၊ လမ်းခရီးလည်း အဆင်ပြေတယ်၊ ချောချောမောမောပဲ"

"မမထား . . ."

တိုးတိုးရဲ့ အသံက ရုတ်တရက် ငိုသံကြီးပါလာပြီး တိမ်ဝင်သွားသလို။

"တိုးတိုး. . . ဟယ်လို. . . ဟယ်လို. . . တိုးတိုး. . . ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ၊ ပြောလေ. . ."

"မမထား"

"အေး. . .နားထောင်နေတယ်၊ ပြော. . ."

"အဘွား. . . အဘွားလေ. . ."

"အေး. . . အဘွား ဘာဖြစ်လဲ"

"အဘွား. . . မရှိတော့ဘူး"

"ဘာ. . . ဘာပြောတယ်"

"အဘွား ဆုံးပြီ"

"ဟင်"

ကျွန်မ ကြက်သေသေသွားပါတယ်။

"မမထားကို ကားဂိတ်ပို့ပြီး ပြန်လာတော့ တိုးတိုးလဲ အရမ်းအိပ်ချင်တာနဲ့ အောက်ထပ်က ကွပ်ပျစ်မှာ ခဏလှဲအိပ်လိုက်မိတယ် မမထား။ မှေးခနဲပျော်သွားပြီး နိုးလာတော့ မနက် ၈ နာရီ ထိုးနေပြီ။ အဲဒီအချိန်ထိ အဘွားဆင်းလာတာမတွေ့လို့ အိမ်ပေါ်တက်ကြည့်တော့. . .အီး. . . ဟီး. . .ဟီး. . ."

"ဟယ်"

"အ. . . အဘွား. . .အဘွားလေ . . . ဝတ်ကောင်းစားလှနဲ့ အိပ်ပျော်နေတဲ့အတိုင်းပဲ မမထားရယ်"

# မြန်မာ့သနပ်ခါး

\- ပါးပေါ်မှာ သနပ်ခါး
ပါးကွက်ကျား ခြယ်ပြင်၊
မြင်ရသူ စိတ်မှာအေး
အတွေးသန့်စင်၊
နံ့သာမွှေးလို့ အလှဆင်
ဆေးဖက်ပင် ဝင်ပါသေး၊
ခရီးသွားတွေ စိတ်ဝင်စားလို့
များလှဂုဏ်သွေး။

\- အညာမြေ ရွှေဘိုသနပ်ခါး
ထူးခြားတဲ့ လက္ခဏာ၊
အရာတော် ဒေသထွက်
ဖြန့်ကြက်စုံစွာ၊
ဒေသအလိုက် ပွဲတော်သာ
ကျင်းပကာ ယှဉ်ပြိုင်ကြ၊
မြန်မာနှင့် သနပ်ခါး
ခွဲခြားမရ။

\- မြန်မာတို့ အမွေစစ်
မြေဆီနှစ် အရင်းခံ၊
မြန်မာပြည် မြေမှထွက်
ဆက်လက်ရှင်သန်၊
သနပ်ခါးနဲ့ သင်းပျံ့လှျံ
ကမ္ဘာထံ ထိုးကာဖောက်၊
ယူနက်စကို အသိမှတ်ပြု
ယဉ်ကျေးမှုရောက်။

\- ကျား၊ မဟူ၍ လူတန်းစားမရွေး
လေးစားလို့ ချစ်ခင်၊
အလှအပ အသွင်တစ်မျိုး
ဆင့်တိုးလို့ပင်၊
မြန်မာနှင့် အတူယှဉ်
တွယ်ငင်တဲ့ ဝိသေသ၊
ကမ္ဘာတစ်လွှားမှာ
မြန်မာသနပ်ခါးကို လေးအနက်
ဂုဏ်ယူလက်ပြ။

\- သနပ်ခါးကို စနစ်တကျ
စိုက်ပျိုးကြ အစဉ်သာ၊
ဂေဟာစနစ်ကို အကျိုးပြု
များခုနောင်မှာ၊
ဝင်ငွေလည်းရ စိမ်းလန်းဖြာ
ငြိမ်းချမ်းစွာ ဥတုကောင်း၊
မြန်မာ့ရတနာ အမွေနှစ်မို့
ချစ်ရပါကြောင်း။ ။

**ကိုမျိုး(ပွင့်ဦး)**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကလေး မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၀၂ ဧကနှင့် ဖူးစားပြောင်း ၈၀၈၆ ဧက စုစုပေါင်း ၉၅၈၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၆၁ ဒသမ ၀၉ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၂၁၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၉၅၈၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ယခုနှစ် ဧပြီလ ပထမပတ်မှ ယနေ့ထိဝယ်ယူအား ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ငါးပိ၊ ငါးခြောက်ဈေးကွက်ထဲမှာ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိ တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့မျှင်ငါးပိတွေက အရည်အသွေး ကောင်းမွန်တဲ့ မျှင်ငါးပိတွေပါ။ ဒါကြောင့် အဝယ်လိုက်ပြီး အခုလို အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ ဒီဘက်က မျှင်ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတဲ့အတွက် အခက်အခဲမရှိပါဘူး"ဟု ကျုံပျော်မြို့နယ် မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် အားကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**






# ကုန်ဆုံးသွားသောစွမ်းအားများ DAGON MALTA FRESH နဲ့ဖြည့်စွမ်းထား...







ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၆၅၀၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၀၁၉၀၇၇

## Myanmar Mobile Money(MMM) ကို အသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## မတည်ရင်းနှီးငွေ လျှော့ချခြင်း

Petrol Plus ကုမ္ပဏီလီမိတက်မှ မတည်ရင်းနှီးငွေ ကျပ် (၁,၀၀၀,၀၀၀,၀၀၀)မှ အစုရှယ်ယာ တစ်စုလျှင် တစ်သိန်းကျပ်ဖြင့် စုစုပေါင်း အစုရှယ်ယာ (၁၀၀)ဖြင့် မတည်ရင်းနှီးငွေ ကျပ်သိန်း (၁၀,၀၀၀,၀၀၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

PETROL PLUS ကုမ္ပဏီလီမိတက်

### မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။







၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ သုတေသနလုပ်ငန်းများက ရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့် အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊လူမှုရေး၊ကျန်းမာရေး၊ပညာရေး စသည့် နိုင်ငံ့စွမ်းအားကိုဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာအသုံးချနေကြသည်ကို တွေ့ရှိရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ



နေပြည်တော် မေ ၉

မေ ၁၀ ရက်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပနိုင်ငံအစိုးရကိုယ်စားလှယ်များသည် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ယနေ့ညနေပိုင်းတွင် ရောက်ရှိကြသည်။

ယင်းကိုယ်စားလှယ်များကို နေပြည်တော် တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုစဉ်။

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့မှ နှောင်းကဆုန်လဆန်း ၁ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသောမင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေး တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးကို ၂၀၂၆ ခုနှစ် မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးကျင်းပပုံများကို MRTV Parliament Channel နှင့် MRTV Farmers Channel တို့မှ ပုံမှန်ထုတ်လွှင့်မှုအပြင် MRTV HD နှင့် MWD-HD၊ MWD Variety - HD တို့မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

